# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC "Tyazhpromexport")၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း(JSC "Tyazhpromexport")၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း(JSC "Tyazhpromexport") ၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၂** ☞




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလှုပ်ရှားမှု

၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများ မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲလာကြသည်ကို နေ့စဉ်ထုတ်သတင်းစာများမှ မြင်တွေ့သိရှိရသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသည် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်ကျင်းပကြခြင်းပင် ဖြစ်သည်။ အာရောဂျံပရမံလာဘံ ကျန်းမာခြင်းသည်လာဘ်တစ်ပါးဟူသည့်အတိုင်း လမ်းလျှောက်ခြင်းဖြင့် ကျန်းမာမှုဟူသည့်လာဘ်ကို ရရှိမည်ဖြစ်သည်။ ကျန်းမာခြင်းဟူသည် လူတစ်ယောက်အတွက် အဖိုးအနဂ္ဃထိုက်တန်လှပေရာ လမ်းလျှောက်ခြင်းက မည်မျှအကျိုးရှိကြောင်း သိနိုင်သည်။

လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်တစ်ခုလုံး၏ လှုပ်ရှားမှုကို ဟန်ချက်ညီစွာဖြစ်ပေါ်စေပြီး ကုန်ကျစရိတ်သက်သာစွာဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုကို ရယူလိုက်ခြင်းလည်းဖြစ်သည်။ ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်သည့်အခြေအနေတစ်ခုတွင် ရှိနေစေရန် ကူညီပေးသည်။ လမ်းလျှောက်သူနှင့် ပြေးသူ နှိုင်းယှဉ်လိုက်ပါက လမ်းလျှောက်သောသူက ကျန်းမာရေးနှင့်ညီညွတ်သည့် သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ရာတွင် လမ်းလျှောက်ခြင်းက ပြေးခြင်းထက် ပို၍ ထိရောက်မှုရှိသည်ဟုဆိုသည်။

လမ်းလျှောက်သည့်အခါ အန်ဒေါ်ဖင်ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးထွက်ရှိမှုမြင့်တက်လာပြီး ၎င်းဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေသည်သာမက စိတ်ဖိစီးမှုများကိုလည်း လျှော့ကျစေနိုင်သည်။ လမ်းလျှောက်လိုက်ချိန်တွင် မိမိတို့၌ဖြစ်ပေါ်နေသော စိတ်ညစ်မှု၊ စိတ်အလိုမကျမှုများ သက်သာပျောက်ကင်းသွားပြီး ပညာရှင်များ၏လေ့လာမှုအရ စိတ်ကိုကြည်လင်လန်းဆန်းစေသည်ဟုလည်း တွေ့ရှိထားသည်။ တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိသော အဖော်တစ်ဦးဦးနှင့်လမ်းလျှောက်ခြင်းက ပို၍ပင်အထောက်အကူဖြစ်စေသည်။

ယခုကဲ့သို့ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကာ လမ်းလျှောက်ခြင်းဖြင့် အချင်းချင်းရင်းနှီးချစ်ခင်မှု၊ နွေးထွေးမှု၊ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာကြံ့ခိုင်မှုတို့ ရရှိနိုင်မည်ဖြစ်ပြီး အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သလို ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအပြင် မိသားစုဝင်များပါ ပါဝင်ဆင်နွှဲကြမည်ဖြစ်သဖြင့် လူထုအားကစားလှုပ်ရှားမှုပုံရိပ်များဖြင့် ဒီဇင်ဘာမှာ ရှင်သန်နိုးကြားနေမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(ကျား/မ) ပြိုင်ပွဲ၊ **U-18** ဘောလုံး(မ) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း(ကျား) ပြိုင်ပွဲ၊ ဂေါက်သီးရိုက် (ကျား)ပြိုင်ပွဲ၊ မြန်မာ့သိုင်း (ကျား/မ)ပြိုင်ပွဲ၊ **U-25** ပြေးခုန်ပစ် (ကျား/မ)ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ လှုပ်လှုပ်ရှားရှားအားကစားပွဲများကို ဒီဇင်ဘာအားကစားလနှင့်အညီ စိတ်ဝင်စားဖွယ်မြင်တွေ့နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲကို အချိန်အခါသင့်စဉ် ပါဝင်ဆင်နွှဲပြီး လမ်းလျှောက်ခြင်းအလေ့အကျင့်ကိုရယူကာ နေ့စဉ်ဘဝတွင် လမ်းမှန်မှန်လျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါကျန်းမာသည့်လူမှုဘဝကို ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားလုပ်ငန်း ၃၀၅ ခုကို မှတ်ပုံတင်ထုတ်ပေးထား



**မန္တလေး ဒီဇင်ဘာ ၆**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်စေရန်အတွက် အသေးစားလုပ်ငန်း ၃၀၅ ခုကို မှတ်ပုံတင်ထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့ထိ စားသောက်ရေးဆိုင်ရာလုပ်ငန်း ၁၄၅ ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းသုံးခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၅၂ ခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာလုပ်ငန်းတစ်ခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၁၀ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်းနှစ်ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှစ်ခု၊ အထွေထွေ အသေးစားစက်မှုလုပ်ငန်း ၇၃ ခု စုစုပေါင်းလုပ်ငန်းမှတ်ပုံတင် ၃၀၅ ခုကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ယခုလအတွင်း လုပ်ငန်းမှတ်ပုံတင် ၅၀ ကို စိစစ်ပြီး ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၉၀ ကျော်လျှောထားပြီးတော့ ထုတ်ပေးသွားမှာပါ။ ကနေ့အချိန်ထိ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးတာ ၃၀၅ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ ဆက်လက်ပြီး ထုတ်ပေးသွားမှာပါ။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးပါတယ်။ ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးနေတာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနေသည့် လုပ်ငန်းအမျိုးအစားများမှာ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း အခမဲ့ဖွင့်လှစ်မည်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို အခမဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို ငါးမွေးမြူရေး စိတ်ပါဝင်စားသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရန်အတွက် အဓိကရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် နှစ်ပတ်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့သူတွေကို သင်တန်းပေးသွားမှာပါ။ စနစ်တကျ မွေးမြူနိုင်ရေးအတွက်လဲ သင်တန်းပို့ချပေးတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူတွေအတွက်ပါ။ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်သွားမှာပါ။ သင်ကြားပေးရာမှာလဲ သင်တန်းတစ်ခုကို အယောက် ၂၀ ကနေ ၂၅ ယောက်ထိလက်ခံပြီး စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပေးသွားမှာပါ။ နည်းပညာရပ်တွေပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေရရှိမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

(၁၈၅)

# ဇန်းမော်မှ မန္တလေးသို့ ပြည်ပမှတင်သွင်းသော လူသုံးကုန်၊ အလှကုန်နှင့် အဝတ်အထည်များတင်ပို့သည့်သင်္ဘော အစီးရေ ၁၀၀ ကျော်ထိရှိလာ

**မန္တလေး ဒီဇင်ဘာ ၆**

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေးဆိပ်ကမ်းသို့ ပြည်ပမှတင်သွင်းသော လူသုံးကုန်၊ အလှကုန်နှင့် အဝတ်အထည်ပစ္စည်းများ တင်ပို့သည့်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ဖြစ်သော်လည်း သင်္ဘောများသွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ လက်ရှိ တရုတ်နိုင်ငံမှတင်သွင်းသည့် လူသုံးကုန်၊ အလှကုန်နှင့် အဝတ်အထည်ပစ္စည်းများ များပြားလာသဖြင့် ဗန်းမော်ဆိပ်ကမ်းမှ မန္တလေးဆိပ်ကမ်းသို့ တင်ပို့မှုလည်း များပြားလျက်ရှိကြောင်း သိရသည်။

"နိုဝင်ဘာလ နောက်ဆုံးပတ်ကတော့ တရုတ်နိုင်ငံဘက်ကနေ တင်သွင်းတဲ့ အဝတ်အထည်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းတွေ ဗန်းမော်ကနေ မန္တလေးကိုတင်ပို့မှုက အနည်းငယ်လောက်ပဲရှိခဲ့တယ်။ အခု ဒီဇင်ဘာလကစပြီးတော့ ဗန်းမော်ဘက်ကနေ မန္တလေးဆိပ်ကမ်းကို လူသုံးကုန်၊ အလှကုန်နဲ့ အဝတ်အထည်ပစ္စည်းတွေတင်ပို့မှုက တော်တော်လေးများလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေးဆိပ်ကမ်းသို့ လူသုံးကုန်၊ အလှကုန်နှင့် အဝတ်အထည်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောမှာ နိုဝင်ဘာလ နောက်ဆုံးပတ်က အစီးရေ ၄၀ ကျော်သာ ရှိခဲ့သော်လည်း ဒီဇင်ဘာလ ပထမပတ်တွင် လူသုံးကုန်၊ အလှကုန်နှင့် အဝတ်အထည်ပစ္စည်းတင်ပို့သည့်သင်္ဘောမှာ အစီးရေ ၁၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးကနေ ဗန်းမော်ဆိပ်ကမ်းကို ဆန်၊ ဆီ၊ ဆား စတဲ့ကုန်စည်တွေကို တင်ပို့တဲ့သင်္ဘောတွေလဲရှိပါတယ်။ မန္တလေးဆိပ်ကမ်းကနေ ဗန်းမော်ဆိပ်ကမ်းကို အခုလက်ရှိ တင်ပို့မှုအများဆုံးကတော့ ဆန်တင်ပို့မှုပဲဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တာချီလိတ်ခရိုင်တွင် အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**တာချီလိတ် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်တွင် အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်က တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင်တွင် စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်စွာ သိရှိနားလည်ပြီး ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းနည်းပြများက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ခရိုင်၊ မြို့နယ်များမှ သင်တန်းနည်းပြများက ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မွန်ပြည်နယ်၌ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

**မော်လမြိုင် ဒီဇင်ဘာ ၆**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ဒီဇင်ဘာ ၅ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက သင်တန်းဖွင့်လှစ်ခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မွန်ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သုတ**

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၁၄၇၃ ဧက စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းစိုက်ပျိုးမှု ၁၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆောင်းနှမ်း ၁၅၁၀ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မော်လိုက်ခရိုင်မှာ ဆောင်းနှမ်းဧက ၁၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ၁၄၀၀ ကျော်စိုက်ပြီးပြီ။ ဆောင်းနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ်တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ GAP နည်းစနစ်တွေ စိုက်ပျိုးဖို့နဲ့ နှမ်းအထွက်နှုန်းတိုးရေးအတွက် ဆောင်ရွက်နေတယ်”ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ဆောင်းနှမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၉၁၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၅၅၈ ဧက စုစုပေါင်း ၁၄၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်း ကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံရွာသစ်နှင့် တုံးစမ်းကျေးရွာတို့တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကံရွာသစ်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုသဲမွန်က ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကံရွာသစ်နှင့် တုံးစမ်းကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၈၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၃ ဒသမ ၈၃ သန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# မြင်းခြံမြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

**မြင်းခြံ ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တလုပ်မြို့ကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာတွင် လမ်းအရှည် တစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သောကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မြို့ကြီးကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၇၈၃ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့ကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၆၂၁ အိမ်၊ လူ ၂၈၉၁ ဦးတို့၏ လယ်ယာဧက ၁၅၀၀ မှထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်က ပြောပြ၍ သိရသည်။

**မောင်ရိုင်**



# စကုနှင့် လယ်ကိုင်းရုပ်စုံကျောင်း

**မောင်သာ(ရေးဟောင်းသုတေသန)**

မြန်မာနိုင်ငံရှိ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဖြစ်တော်စဉ်များ၊ ၅၅၀ နိပါတ်တော်လာဇာတ်ခန်းသရုပ်ဖော် ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွများဖြင့် အလှဆင်ထားသည့် သစ်သားကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် မန္တလေးရုပ်စုံကျောင်း၊ စစ်ကိုင်းအရိယဝံသချောင် ရုပ်စုံကျောင်း၊ စလင်းရုပ်စုံကျောင်း၊ စလေရုပ်စုံကျောင်းတို့သည် အထူးထင်ရှားကြသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုမြို့ရှိ ရုပ်စုံကျောင်းများနှင့် ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းရုပ်စုံကျောင်းတို့သည်လည်း သုတေသီများ စိတ်ဝင်စားသည့် မြန်မာမှုလက်ရာဘုန်းကြီးကျောင်းများဖြစ်ကြသည်။

**ရာဇဝင်ထဲက မင်းဘူး(စကု)**

မြန်မာရာဇဝင်ကျမ်းများအလိုအရ ခမည်းတော်၏ အမိန့်ကြောင့် တကောင်းမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့်စုန်ဆင်းခဲ့ကြသည့် မျက်မမြင်ညီနောင်နှစ်ပါးကို ဘီလူးမက မျက်စိအလင်းရရန် စတင်ကုသသောနေရာဖြစ်သည့် စကုသည် မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးမြို့မှ အနောက်မြောက်ဘက် ၁၁ မိုင်အကွာတွင် တည်ရှိသည်။

မျက်မမြင်ညီနောင်ကို မျက်စိအလင်းရရန် စတင်ကုသသည့်နေရာသည် စကု၊ မျက်စိ စတင်လင်းသည့်နေရာသည် စလင်းဟု ဆိုကြသော်လည်း ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်းလာလျှင် စလင်းပြီးမှ စကုသို့ရောက်ရှိသဖြင့် အမည်နှစ်ခုသည် အထက်အောက်ပြောင်းပြန် ဖြစ်နေသည်။

မင်းဘူးမြို့သည် အနောက်ရိုးမတွင် မြစ်ဖျားခံကာ စီးဆင်းလာသည့် မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပူးပေါင်းသည့် နေရာတွင်ရှိသဖြင့် မန်းပူး၊ မင်းပူးမှ ပြောင်းလဲလာခဲ့သည်ဟုဆိုကြသည်။ အချို့ကလည်း မမင်းပူးဘုရားကို အစွဲပြု၍ မင်းဘူးဟု အမည်တွင်ခဲ့သည်ဟုဆိုသည်။

ဆရာတော် မင်းဘူးဦးဩဘာသ၏ တေမိယဇာတ်တော်နိဂုံးတွင် ယခုမင်းဘူးမြို့နေရာ၌ မိုးညှင်းမင်းတရားနှင့် ရှင်ဘို့မယ်တို့ပေါင်းဆုံခဲ့ကာ မင်းပူးဟု အမည်တွင်ခဲ့ပြီး “မိုးညှင်းဘို့မယ်၊ မင်းနှစ်သွယ်၊ ဖူးလှယ်ဂဟေ၊ ဆုံကွန်းဇွေ”ဟု မှတ်သားအပ်ကြောင်း စာရေးဆရာ လက်ဝဲမင်းညို(ဦးချမ်းသာ)က ရေးသားခဲ့သည်။

မင်းဘူးမြို့သည် ရန်ကုန်မြို့မှ ရေလမ်းအတိုင်း ၃၇၆ မိုင်ကွာဝေးလျက် မကွေးမြို့နှင့် မင်းဘူးမြို့ကို ဧရာဝတီမြစ်ကခြားထားပြီး မင်းဘူးဘက်ကမ်းမှ စက္ကိန်းတဲစေတီနှင့် မကွေးဘက်ကမ်းမှ မြသလွန်စေတီတို့သည် မြစ်တစ်ဖက်ကမ်းစီ၌ မျက်နှာချင်းဆိုင်တည်ရှိနေကြသည်။

ဂေါတမဘုရားရှင်လက်ထက်က ဝါဏိဇ္ဇဂါမဟု အမည်တွင်ခဲ့သည့် ယခု ပွင့်ဖြူမြို့နယ် သစ်တော်ရွာမှ ကုန်သည်ညီနောင်နှစ်ဦးအနက် မဟာပုဏ္ဏသည် ရဟန်းပြု၍ စကုမြို့ရှိ ယခု ထေရ်ကြီးဘုရားနေရာဖြစ်သည့် မာတုလာဂီရအရပ်၌ တရားအားထုတ်ခဲ့သည်။ ထိုနေရာတွင် ကျေးငှက်သာရကာများ ပျော်မြူးကြသဖြင့် ပါဠိဘာသာဖြင့် သကုနဟု ခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် သကု၊ စကုဟု အမည်တွင်ခဲ့သည်ဟုလည်း ယူဆကြသည်။

မြန်မာ့စွယ်စုံကျမ်းတွင် မြန်မာမင်းများလက်ထက်က စကုကို စကုမြို့ဝန်အုပ်ချုပ်ခဲ့ကာ မြို့ဝန်၊ မြို့သူကြီးများသည် စကုဒေသတွင် မြန်မာမှုလက်ရာသစ်သားဘုန်းတော်ကြီးများကို တည်ဆောက်ခဲ့ကြသည်။ စကုဒေသ၏ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ကာ မန်းချောင်းမှရေကို ဆည်များဖြင့် သွင်းကာစိုက်ပျိုးကြသည်။ စကုနယ်မှ ထွက်သည့် စပါးသည် စကုဖြတ်ဟုထင်ရှားကာ “စကုမှာ ဖြတ်၊ မယားမှာ တစ်ခုလပ်”ဟု ဆိုစကားရှိခဲ့သည်ဟု ဖော်ပြထားသည်။

၁၈၈၆ ခုနှစ်တွင် စကု၌ ခရိုင်ရုံးစိုက်ခဲ့သော်လည်း ၁၉၆၂ ခုနှစ်တွင် ခရိုင်ရုံးများကို မင်းဘူးသို့ ပြောင်းရွှေ့၍ စကု၌ မြို့နယ်ရုံးများစိုက်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဩဂုတ် ၇ ရက်တွင် အုပ်ချုပ်ပုံစနစ်ပြောင်းလဲသတ်မှတ်ချက်အရ ခရိုင်ရုံးများမရှိတော့ဘဲ စကုမှမြို့နယ်ရုံးများကို မင်းဘူးသို့ပြောင်းရွှေ့ခဲ့သည်။ ၁၉၇၃ ခုနှစ် မတ် ၃၁ ရက်တွင် မင်းဘူး(စကု) မြို့နယ်ကို မြို့နှစ်ခု(မင်းဘူးနှင့်စကု)၊ ရပ်ကွက် ခုနစ်ခု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာ ၁၅၀ ဖြင့် ဖွဲ့စည်းခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေမြင့်၍ ၆၄၂ ဒသမ ၇၀ စတုရန်းမိုင်ကျယ်ဝန်းသည့် မင်းဘူး(စကု)မြို့နယ်သည် အရှေ့ဘက်တွင် ဧရာဝတီမြစ်ခြားလျက် မကွေးမြို့နယ်၊ အနောက်ဘက်တွင် ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းလှမြို့နယ်၊ မြောက်ဘက်တွင် ပွင့်ဖြူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းများအရ မင်းဘူး(စကု)မြို့နယ်တွင် ဘုရား၊ စေတီအဆူ ၂၁၀၊ ဘုန်းကြီးကျောင်း ၂၉၈ ကျောင်းရှိသည့်အနက် စကုမြို့ဝန်းကျင်၌ ဘုရားစေတီ ၁၄၃ ဆူတည်ရှိသည်။ မင်းဘူး(စကု)မြို့နယ်တွင် မန်းရွှေစက်တော်၊ ရှင်ပင်စက္ကိန်းတဲနှင့် ဓာတ်တော်ကုန်းစေတီတို့တည်ရှိ၍ စကုမြို့ရှိ ထေရ်ကြီးဘုရားသည် ထင်ရှားသည့် ရှေးဟောင်း သာသနိကအဆောက်အအုံတစ်ခုဖြစ်သည်။

မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဦးဩဘာသ ပိဋကတ်တိုက်၊ စကုမြို့အမှတ်(၁)ရပ်ကွက်ရှိ မှန်ကင်းရုပ်စုံကျောင်းနှင့် ပိဋကတ်တိုက်ကို သမိုင်းဝင်ထင်ရှားသောအဆောက်အအုံများဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ မှတ်တမ်းတွင် ဖော်ပြထားသည်။

မင်းဘူးမြို့မှ ၁၁ မိုင်ကွာဝေးသည့် စကုမြို့သို့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် အလွယ်တကူသွားရောက်နိုင်ကာ စကုမြို့သို့ဝင်လိုက်သည်နှင့် ကားလမ်း၏တစ်ဖက်တစ်ချက်၌ ရှေးဟောင်းစေတီပုထိုးများကို မြင်တွေ့ကြရသည်။ စကုမြို့အဝန်းအဝိုင်းအတွင်း၌ စေတီအဆူ ၁၆၀၊ စေတီရံ ၁၉၅ ဆူ၊ ရှေးဟောင်းခြသေ့ရုပ် ၁၇၉ ရုပ်၊ နရား၊ မကာန်း၊ နဂါးရုပ်တု ၄၈ ရုပ်၊ ခေါင်းလောင်း ၁၆ ခု၊ နတ်ရုပ်လေးရုပ်၊ ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်းတွင် တည်ဆောက်ခဲ့သည့် ဘုန်းကြီးကျောင်းများရှိသည်။

စကုမြို့ဟောင်းတွင် တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများသည် ပုဂံဘုရင် အလောင်းစည်သူ၏ အမိန့်တော်အရ စလင်းသူကောင်းမျိုးဆက်များ၏ အလှူတော်များဖြစ်ကြသည်။ စလင်းသူကောင်းသမိုင်းအလိုအရ ပုဂံခေတ်တွင် စကုနှင့် စလင်းဒေသမှ သူဌေးသူကြွယ်များကို သူကောင်းမျိုးခန့်ခဲ့သည်။ ချမ်းသာကြွယ်ဝသည့် သူကောင်းမျိုးများသည် ဆိုရှယ်လစ်ခေတ်တွင် လယ်ယာမြေများ အသိမ်းခံခဲ့ရပြီးနောက်တွင် ဓနအင်အားများ ဆုတ်ယုတ်ခဲ့ကြသည်။

**ရှေးဟောင်းသစ်သားဘုန်းကြီးကျောင်းများ**

မြန်မာနိုင်ငံ၌ ဘုရင်နှင့် တော်ဝင်မိသားစုများ၊ သူဌေးသူကြွယ်များ တည်ဆောက်ခဲ့သည့်ကျောင်းနှင့် သာသနိကအဆောက်အအုံများသည် မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း၊ မြိုင် စသည့် မြို့နယ်များတွင် အများဆုံးကျန်ရှိနေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားချက်များအရ အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီး၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်လှူဒါန်းခဲ့ကြသည်။

မြန်မာ့ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းအများစုကို မြန်မာ့ဗိသုကာဟန်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း မန္တလေးမြို့ရှိ သာတဝန်ကျောင်းနှင့် ယောအတွင်းဝန်ကျောင်းကဲ့သို့ အနောက်တိုင်းနှင့် မြန်မာဟန်ရောနှော တည်ဆောက်ထားသည့် ကျောင်းများလည်း အနည်းငယ်ရှိခဲ့သည်။ ယေဘုယျအားဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းများကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်။

ဘုန်းတော်ကြီးကျောင်း၏ ရှေ့ဘက်ဆုံး(ခေါင်းရင်းဘက်)တွင်ရှိသည့် ပြာသာဒ်ဆောင်ကို ပြာသာဒ်ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့်ထားလေ့ရှိရာတွင် ခုနစ်ဆင့်က အများဆုံးဖြစ်သည်။ ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ဘုရင်၊ မိဖုရားနှင့် ဆရာတော်များသာ အတက်၊ အဆင်းပြုကြရသည့် လှေကားတစ်ခုစီကို တပ်ဆင်ထားလေ့ရှိသည်။

ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော်ထားရှိသည်။ ပြာသာဒ်ဆောင်နှင့် ဆောင်မကြီး၌ ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးနေထိုင်၍ ၎င်းအဆောင်နှစ်ခုကို ဆက်ထားသည့် စနုဆောင်တွင် ကျောင်းထိုင်ဘုန်းကြီးက အာဂန္တုဧည့်သည် ရဟန်းသံဃာများကို ဧည့်ခံတွေ့ဆုံသည်။

ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောင်ဖြစ်သည့်ဆောင်မကြီးကို နှစ်ထပ်လည်ပေါ် တည်ဆောက်ထားလျှင် ထားဝယ်ဆောင်၊ သုံးထပ် သို့မဟုတ် လေးထပ်လည်ပေါ် တည်ဆောက်ထားလျှင် ဇေတဝန်ဆောင်ဟု ခေါ်ဆိုကြပြီး ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ်ဆောက်လေ့မရှိချေ။ ဆောင်မကြီး၏ ဘေးပတ်လည်တွင် အပြင်သို့ထုတ်ထားသော အမိုး(စမြင်)ရှိကာ နှစ်ထပ်စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများလည်းရှိသည်။

ဆောင်မကြီးအလယ်တွင် မာရဘင်(ကြမ်းပြင်မှ အမိုးထိ ပိတ်ဆီးထားသော အကာအရံ)ကန့်၍ အရှေ့နှင့်အနောက် ပိုင်းခြားကာ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟု ခေါ်ဆိုသည်။ မာရဘင်ဆောင်များ၌ နေ့ဘက်တွင် လူပရိသတ်များကို ဧည့်ခံ၍ ညပိုင်းတွင် ရဟန်းသံဃာများကျိန်းစက်သည်။ အချို့ဘုန်းကြီးကျောင်းများတွင် အရှေ့မာရဘင်၌ ဥပုသ်စောင့်တရားနာသူများ နားခိုကြကာ အနောက်မာရဘင်ဆောင်၌ သက်ကြီးဝါကြီး ဆရာတော်များ သီတင်းသုံးသည်။ မာရဘင်တွင် အရှေ့ဆောင်နှင့် အနောက်ဆောင်ကူးရန် အပေါက်နှစ်ပေါက် ဖောက်ထားသည်။

မာရဘင်၏ ရှေ့ခန်းတွင် တံကဲပါရှိသော ပလ္လင်ကို ထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကို ထားရှိသည်။ ဆောင်မကြီး၏ ဝဲယာနှစ်ဖက်တွင် ရဟန်းသံဃာများနှင့်အမျိုးသားများတက်ရန်၊ ဆင်းရန် လှေကားနှစ်ခုနှင့် အမျိုးသမီးများ တက်ရန်၊ ဆင်းရန် လှေကားနှစ်ခုတပ်ဆင်ထားပြီး ထုထည်ကြီးမား၍ လှပသော သရက်ကင်းအုတ်လှေကားများကိုမြင်တွေ့ကြရသည်။

ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံးရှိ ဘောဂဆောင်ကိုဆောင်မကြီး၏ကြမ်းခင်းအောက်သို့ အနည်းငယ်နိမ့်ထားသည်။ ဘောဂဆောင်တွင် အခန်းသုံးခန်းပါရှိ၍ ဘေးဘက်တစ်ခန်းတွင် ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် သစ်သီးဝလံများနှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များနေကြသည်။

အချို့ဘုန်းကြီးကျောင်းများတွင် ၎င်းအဆောင်လေးဆောင်အပြင် ကျောင်းတွင်တိုးလာသည့် သံဃာများနေထိုင်ရန် ခုံးဆောင်တစ်ခုကို ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့်ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့် စနုဆောင်ကြား၌ဖြစ်စေ သင့်လျော်သည့် နေရာတစ်ခုခု၌ဆောက်လုပ်သည်။ ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်းဘုန်းကြီးကျောင်းတချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ၎င်းပုံစံကို မန္တလေးမြို့ရှိ ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းတွင် မြင်တွေ့နိုင်ကြသည်။

**စကုဘုန်းကြီးကျောင်းများ**

စကုမြို့တွင်ရှိသည့် ထင်ရှားသော သစ်သားကျောင်းများအနက် ပထမတိုက်သုံးထပ်ကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းတို့သည် ထင်ရှားကြသည်။ ထို့အတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် စကုမြို့အနီးတွင်တည်ရှိကာ စကုမြို့မှ အလွယ်တကူသွားရောက်နိုင်သည်။



စကုမြို့ရှိ ပထမတိုက် သုံးထပ်ကျောင်းကိုတွေ့ရစဉ်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## စာပေကြိုးပမ်း နိုင်ရာထမ်းပါ

- လနတ်တော် နှင်းဖြာမှ
  ကျင်းပကြ စာပန်းချီ၊
  စာဆိုရှင် စိတ်ကြည်နူးတဲ့
  ထူးကဲရာသီ။

- တိုင်းပြည်တစ်ခွင် နေရာအနှံ့
  ခြေဆန့်လို့ဆင်နွှဲပြီ
  ခုလရာသီ၊
  ရှေးမူရယ် မပျက်သည်
  ရှေ့သို့ချီ မပျက်တမ်း၊
  ဘိုးဘွားအမွေ
  တိုးပွားပါစေ ဂုဏ်တင့်ကြဖို့
  လက်ဆင့်ကာကမ်း။

- မြတ်စာပေ အကျိုးကိုမှန်း
  လျှောက်လှမ်းကြ ကဝိကျော်၊
  ခက်ခဲပါစေ တွန်းကာဖြတ်လို့
  ထမ်းရွက်ခဲ့နော်၊
  ဖောက်သောလမ်းဖြောင့်စေသော်
  လက်တွဲခေါ် အရှည်တိုး၊
  တို့တစ်တွေ နိုင်ရာစွမ်းနဲ့
  လမ်းပြကာပျိုး။ ။

**သာလွန်(နတ်မောက်)**

➤ စာမျက်နှာ ၄ မှအဆက်

စကုမြို့ရှိ မူလပထမတိုက် သုံးထပ်ကျောင်းကို ၁၉၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် သူကောင်းမျိုးနွယ်ဦးသိုက်နှင့် သားဖြစ်သူတို့က တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် မွမ်းမံပြင်ဆင်ကာ တစ်ခန်းလျှော့၍ ပြန်လည်ဆောက်လုပ်ခဲ့သည်။ ဥယျာဉ်ဇင်ကျောင်းပုရပိုက်တွင် စကုမြို့ ပထမတိုက်သုံးထပ်ကျောင်းကို ၁၂၆၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ နံနက် ငါးနာရီ ခုနစ်မိနစ်တွင် ပန္နက်ရိုက်၍ ညနေ ၄ နာရီ မိနစ် ၃၀ တွင် စကုမြို့ အရှေ့ရပ် ကျောင်းဒါယကာ ဝန်မင်းကြီးသား မြို့အုပ်မင်း၊ မြို့အုပ်ကတော် မရိုး၊ သမီး မဝက်တို့က ကုသိုလ်တော် ပထမတိုက် သုံးထပ်ကျောင်းတော်ကြီးကို စိုက်ထူတော်မူသည်ဟု ဖော်ပြခဲ့သည်။

လက်ရှိမြင်တွေ့ကြရသည့် ပထမတိုက်သုံးထပ်ကျောင်းကို ကျွန်းတိုင် ၁၁၅ လုံးဖြင့် ပြုပြင်တည်ဆောက်ထားကာ အလျား ၁၁၁ ဒသမ ၅ ပေ၊ အနံ ၅၂ ဒသမ ၄၉ ပေ ရှိ၍ ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ပါဝင်သည်။ ပြာသာဒ်ဆောင်ပေါ်တွင် ဘုံခုနစ်ဆင့် ပြာသာဒ်နှင့် စနုဆောင်ပေါ်တွင် ဘုံနှစ်ဆင့် ပြာသာဒ်တင်ထားပြီး ကျောင်းပေါ်သို့ တောင်ဘက်လှေကားမှ တက်ရောက်နိုင်သည်။ ကျောင်းအောက်ထပ်နံရံလေးဖက်ကို အုတ်ဖြင့်တည်ဆောက်လျက် အပေါ်ထပ်ကို သစ်သားများဖြင့် ဆောက်လုပ်ကာ အပေါ်ထပ်လေးဖက်ပတ်လည်တွင် ဝရန်တာထုတ်ထားသဖြင့် ကျောင်းပတ်လည်ကို လှည့်ပတ်ကြည့်ရှုနိုင်သည်။

ဝရန်တာပတ်လည် လက်ရန်းများကို ပန်းကနုတ်များဖြင့် မွမ်းမံထားကာ အရှေ့၊ အနောက်နှင့် တောင်ဘက်မျက်နှာစာရှိ တိုင်ထောင့်များတွင် ဝိဓူရဇာတ်တော်လာရုပ်တုများကို လက်ရာမြောက်စွာထုလုပ်ထားသည်။ မြောက်ဘက်ဝရန်တာ လက်ရန်းတွင် ထိုအချိန်က လူနေမှုဘဝများဖြစ်သည့် အိုးစည်တီးနေပုံ၊ တံမြက်လှည်းကျင်းနေပုံ စသည်တို့ကို မြင်တွေ့ကြရပေသည်။

စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်းကို ၁၈၆၆ ခုနှစ်တွင် ဒေါ်ငြိမ်းကောင်းက ကျွန်းတိုင် ၁၃၆ လုံးကို အင်္ဂတေအုတ်ဖိနပ်များခံ၍ တည်ဆောက်ခဲ့ရာ အလျား ၁၃၁ ပေ၊ အနံ ၆၅ ပေခွဲရှိသည်။ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ဖြင့် ဖွဲ့စည်းထားသည်။ စနုဆောင်တစ်ဖက်တစ်ချက်တွင် ပစ္စည်းများသိုလှောင်သိမ်းဆည်းရန် ရည်ရွယ်ခဲ့ဟန်ရှိသည့် ဝဲဆောင်နှင့် ယာဆောင်ဟုခေါ်သော အဆောင်ပိုတစ်ခုစီကို တွေ့ရှိရသည်။

ကျောင်းပေါ်သို့တက်ရန် မြောက်ဘက်တွင် အုတ်လှေကားနှစ်ခုနှင့် တောင်ဘက်တွင် အုတ်လှေကားတစ်ခုရှိကာ ဆောင်မကြီးရှိ တံခါးရွက်များပေါ်တွင် ကိန္နရာရုပ်များထွင်းထုထားသည်။ ကျောင်းတိုင်များကို သဲကျောက်ဖုံးများဖြင့်အုပ်ထားပြီး လက်ရန်းပတ်လည်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်သစ်သားရုပ်များသာမက ကုန်းဘောင်ခေတ် လူနေမှုဘဝရုပ်တုများကိုပါ တပ်ဆင်ခဲ့သည်။

မှန်ကင်းရုပ်စုံကျောင်း အနောက်မြောက်ဘက်တွင် စူဠပဒုမဇာတ်တော်မှ ဇာတ်ကွက်များကို ထုလုပ်ထားပြီး အရှေ့တောင်ထောင့်တွင် ဥတေနဇာတ်တော်မှ ဇာတ်ကွက်နှင့် မြောက်ဘက်တွင် မယ်ဥဇာတ်ကွက်များကို ထုလုပ်ထားသည်။ ထို့အတူ နဂါးရုပ်၊ ဘီလူးရုပ်၊ ဝန်ကြီး၊ စစ်သူကြီး၊ ရသေ့ စသည့်အရုပ်များကို ထည့်သွင်းထုလုပ်ခဲ့သည်။

**လယ်ကိုင်းရုပ်စုံကျောင်း**

စကုမြို့အနီးရှိ လယ်ကိုင်းရုပ်စုံကျောင်းကို ၁၈၉၁ ခုနှစ်ခန့်က ကူနီသူကြီးသားဖြစ်သူ ဦးအန်တော်နီက တည်ဆောက်ခဲ့သည်။ ဦးအန်တော်နီနှင့် သားဖြစ်သူတို့သည် ၎င်းနေရာတစ်ဝိုက်တွင် ဘုန်းကြီးကျောင်း ငါးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ဦးအန်တော်နီသည် လယ်ကိုင်းရုပ်စုံကျောင်းကို ငွေဒင်္ဂါး ၁၇ ထောင်းခွဲ အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။ ကျောင်းဆောက်လုပ်နေစဉ် အလုပ်သမားများ နေထိုင်စားသောက်ရန် အလှူရှင်က တာဝန်ယူခဲ့ပြီး ဦးအန်တော်နီနှင့် ဆွေမျိုးတော်စပ်သူ ကနီသူကြီးက ကျောင်းတည်ဆောက်မည့် ကျွန်းသစ်လုံးများသယ်ဆောင်ရန် ဆင်များကို အခမဲ့ကူညီခဲ့သည်။

လယ်ကိုင်းရုပ်စုံကျောင်းကို ကျွန်းသစ်လုံး ၂၁၄ လုံးဖြင့် တည်ဆောက်ခဲ့ကာ ကျောင်းတွင် အလှဆင်မည့် ပန်းပုရုပ်များထုလုပ်ရန် မန္တလေးမြို့မှ ဆရာမှန်ကြီးနှင့် ပန်းပုပညာရှင် ၂၀ ကို ငှားရမ်းခဲ့သည်။ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် မြန်မာဘုန်းတော်ကြီးကျောင်း အင်္ဂါပြည့်စုံစွာ တည်ဆောက်၍ လှေကားရစ်စင်းတပ်ဆင်ခဲ့သည်။ ယခုအခါတွင် ပြာသာဒ်ဆောင်နှင့် စနုဆောင်တို့ပြိုကျပျက်စီးနေကာ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ကိုသာ ကျန်ရှိနေသည်။

ရုပ်စုံကျောင်းပတ်လည်၌ ဗုဒ္ဓဝင်ဖြစ်တော်စဉ်ကို မယ်တော်မာယာ အိပ်မက်မက်မြင်ခန်းမှ ဘုရားပွင့်တော်မူခန်းထိ ရုပ်တုများကို မြောက်ဘက်မှ တောင်ဘက်သို့တိုင် အစဉ်အတိုင်းတပ်ဆင်ခဲ့သည်။ ရုပ်တုတစ်ခုစီ၏အောက်တွင် ဇာတ်ကွက်အမည်များကို ရေးထွင်းထားသည့် သစ်သားပြားများကို တပ်ဆင်ထားသည်။ ကျောင်းပေါ်တွင် မံဘုရားတစ်ဆူကို ယနေ့တိုင် ဖူးတွေ့ကြရသည်။ ကျောင်းအလှူရှင် ဦးအန်တော်နီနှင့် ဆွေမျိုးများ၏ အုတ်ဂူများသည် ကျောင်း၏အနောက်ဘက် လယ်ကွင်းစပ်တွင် ယနေ့တိုင်တည်ရှိနေသော်လည်း ဂူများပတ်လည်၌ ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါချေ။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်တည်ရှိနေသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မင်းဘူး(စကု)မြို့နယ်ရှိ မြန်မာမှုလက်ရာ သစ်သားဘုန်းတော်ကြီးကျောင်းများသည် ထိန်းသိမ်းမှုအားနည်းမှုများကြောင့် ပျက်စီးယိုယွင်းမှုများရှိလာခဲ့သည်။ သို့သော် မြန်မာမှုဗိသုကာပညာကို အခြေတည်လျက် ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားသည့် ၎င်းကျောင်းများသည် မြန်မာတို့၏ အနုလက်ရာများကို ပြည်တွင်း၊ ပြည်ပမှ လာရောက်ကြသူများအား ဂုဏ်ယူဖွယ်ပြသလျက်ရှိနေပေသည်။

**ကိုးကား**

- **မင်းဘူး(စကု)မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**
- **စကုဒေသရှိ ရှေးဟောင်းအဆောက်အအုံများ (ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **မြန်မာမှုအဆင်တန်ဆာနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်း၊ ပျဉ်းမမြိုင်)**
- **Splendour in Wood (Sylvia Fraser Lu)**

## ဟိုပုန်းမြို့နယ် ကျောက်တန်းခေတ်မီစံပြကျေးရွာ၌ မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်

**ဟိုပုန်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ကျောက်တန်းခေတ်မီစံပြကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းက အမှာစကားပြောကြားပြီး ဟိုပုန်းမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနီနီဝင်းက သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ခဲ့ကြသည်။

အဆိုပါမွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းသို့ ကျောက်တန်းခေတ်မီစံပြကျေးရွာ၊ ထီတခေါ့ကျေးရွာ၊ ပုံချောင်ကျေးရွာနှင့် ထီဖူးကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကောင်းမွန်သော မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်ခန်းစာများ၊ ကြက်၊ ဝက် မွေးမြူရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ နည်းစနစ်မှန်ကန်သော မွေးမြူရေးနည်းလမ်းများကို ကျွမ်းကျင်ဆရာများက ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ခြောက်ရက်ကြာစာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**ရှိုးသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# ကူရိုင်းကျွန်းစု၌ ကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်များ ရုရှားဖြန့်ကြက်ထား

**မော်စကို ဒီဇင်ဘာ ၆**

ပစိဖိတ်ဒေသရှိ ကူရိုင်းကျွန်းစုပေါ်၌ ကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်များကို ရုရှားနိုင်ငံက ဖြန့်ကြက်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကူရိုင်းကျွန်းစုသည် ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်တို့ကြား တည်ရှိသည့် မဟာဗျူဟာမြောက်ကျွန်းတန်းဆက်ဖြစ်သည်။

ကူရိုင်းကျွန်းစုအတွင်းရှိ ပါရာမူရှာကျွန်းပေါ်၌ ဘက်ရှင်အမျိုးအစား ရွေ့လျားကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်များ ဖြန့်ကြက်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၅ရက်တွင်သတင်းထုတ်ပြန်ထားသည်။

ဘက်ရှင်ကမ်းရိုးတန်းကာကွယ်ရေးစနစ် ဒုံးကျည်များသည် မိုင် ၃၁၀ အကွာမှပစ်မှတ်များကို တိုက်ခိုက်နိုင်သော ဒုံးကျည်စနစ်များဖြစ်ကြသည်။

ကူရိုင်းကျွန်းစုဒေသကို ဒုတိယကမ္ဘာစစ်ပြီးလုနီးချိန်တွင် ဆိုဗီယက်တပ်နီတော်က ဂျပန်တပ်များလက်မှ သိမ်းယူခဲ့သည်။

အဆိုပါကျွန်းစုဒေသကို ဂျပန်နိုင်ငံကလည်းပိုင်ဆိုင်ခွင့်တောင်းဆိုထားရာ ယင်းကျွန်းစုပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာကြောင့် ဂျပန်နှင့် ရုရှားတို့သည် ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ နှစ်ပေါင်း ၈၀ နီးပါးရှိလာပြီဖြစ်သည့်တိုင် တရားဝင်ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

KKO

# ကရိုင်းမီးယားကျွန်းဆွယ်တံတားကို ရုရှားသမ္မတ ပူတင် မော်တော်ယာဉ်ဖြင့် မောင်းနှင်ဖြတ်သန်း



**မော်စကို ဒီဇင်ဘာ ၆**

ရုရှားသမ္မတ ပူတင်သည် ရုရှားတောင်ပိုင်းနှင့် ကရိုင်းမီးယားကျွန်းဆွယ်ဒေသတို့ကို ချိတ်ဆက်ပေးထားသည့် ကရိုင်းမီးယားကျွန်းဆွယ်တံတားကို ဒီဇင်ဘာ ၅ ရက်က မာစီဒီးကားတစ်စီးဖြင့် ဖြတ်သန်း မောင်းနှင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကရိုင်းမီးယား တံတားပေါ်၌ ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး နှစ်လခန့်အကြာမှာပင် ယင်းတံတားကို ရုရှားသမ္မတ ပူတင်က မော်တော်ယာဉ်ဖြင့် ဖြတ်သန်းမောင်းနှင် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရုရှားသမ္မတပူတင်သည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ကျန်ရှိခဲ့သည့် အပျက်အစီးများကိုလည်း တံတားပေါ်၌လမ်းလျှောက်စစ်ဆေးခဲ့ကြောင်းရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်အောက်တိုဘာ ၈ရက်က ကရိုင်းမီးယား ကျွန်းဆွယ်တံတားပေါ်၌ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုအတွက် ယူကရိန်းတွင်တာဝန်ရှိသည်ဟု ရုရှားအစိုးရကစွပ်စွဲထားသည်။

ရုရှားနိုင်ငံသည် ကရိုင်းမီးယားကျွန်းဆွယ်ဒေသကို ၂၀၁၄ ခုနှစ်တွင် ရုရှားအချုပ်အခြာအောက် ထည့်သွင်းခဲ့ပြီးနောက် ဥရောပ၏ အကြီးဆုံးတံတားဖြစ်သည့် ကရိုင်းမီးယားတံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အရှည် ၁၂ မိုင်ရှိသည့် ကရိုင်းမီးယားကျွန်းဆွယ်တံတားကို ၂၀၁၈ ခုနှစ်က သမ္မတပူတင် ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

KKO

# သမ္မတဟောင်း ကျန်ဇီမင်းအတွက် အောက်မေ့ဖွယ်အခမ်းအနား ပေကျင်း၌ ကျင်းပ

**ပေကျင်း ဒီဇင်ဘာ ၆**

ကွယ်လွန်သူ တရုတ်သမ္မတဟောင်း ကျန်ဇီမင်းအတွက် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့တွင် ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါ အခမ်းအနားသို့ သမ္မတရှီကျင့်ဖျင်အပါအဝင် လက်ရှိ တရုတ်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး သမ္မတဟောင်း ကျန်ဇီမင်း၏ရုပ်ကလာပ်ကို ဂါရဝပြုခဲ့ကြသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းပြည်ပ ဖိအားများနှင့်ရင်ဆိုင်နေရသည့်အချိန်မျိုးတွင် သမ္မတဟောင်း ကျန်ဇီမင်းသည် နိုင်ငံကို ဦးဆောင်မှုပေးခဲ့ရသူဖြစ်ကြောင်း အောက်မေ့ဖွယ်အခမ်းအနားမိန့်ခွန်း၌ သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

သမ္မတဟောင်း ကျန်ဇီမင်း၏ အောက်မေ့ဖွယ် အခမ်းအနားသို့ ၎င်း၏အရိုက်အရာကိုဆက်ခံခဲ့သော သမ္မတဟောင်းဟူကျင်တောင်းလည်း တက်ရောက်ခဲ့သည်။

သမ္မတဟောင်း ကျန်ဇီမင်းသည် သွေးကင်ဆာရောဂါနှင့် အခြားကိုယ်တွင်းအင်္ဂါရောဂါများကြောင့် နိုဝင်ဘာ ၃၀ ရက်က ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၆ နှစ်ရှိပြီဖြစ်သည်။

ကျန်ဇီမင်းသည် ၁၉၈၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးရာထူးကို ရယူခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ သမ္မတရာထူးကို ရယူခဲ့ကြောင်း သိရသည်။

KKO

# အဘူဂျာ-ကာဒူနာ ရထားခရီးစဉ် နိုင်ဂျီးရီးယားအစိုးရ ပြန်လည်ပြေးဆွဲ



**အဘူဂျာ ဒီဇင်ဘာ ၆**

နိုင်ဂျီးရီးယားနိုင်ငံပိုင် ရထားကုမ္ပဏီသည် အဘူဂျာမြို့နှင့် မြောက်ပိုင်းဒေသ ကာဒူနာပြည်နယ်တို့ကြား ရထားခရီးစဉ်ကို ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်စတင်ပြေးဆွဲခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယခုနှစ်မတ်လအတွင်းသေနတ်သမားများက ရထားစီးခရီးသည်အများအပြားကို ပြန်ပေးဆွဲဖမ်းဆီးခဲ့ပြီးနောက် နိုင်ဂျီးရီးယားအစိုးရသည် အဘူဂျာ-ကာဒူနာ ရထားခရီးစဉ်များပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် နိုင်ဂျီးရီးယားစစ်ဘက်က ပြန်ပေးဆွဲခံထားရသည့် ခရီးသည်များအနက် နောက်ဆုံးလက်ကျန် ၂၃ ဦးကို ပြီးခဲ့သည့် အောက်တိုဘာလအတွင်းကယ်ထုတ်ပေးခဲ့ပြီးနောက် အဘူဂျာ-ကာဒူနာ ရထားခရီးစဉ်ကို ပြန်လည်စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံထားရသူခရီးသည်အားလုံးကို ကယ်တင်ပြီးမှသာ အဘူဂျာ-ကာဒူနာ ရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်းနိုင်ဂျီးရီးယားသမ္မတ ဘူဟာရီက ပြောကြားထားခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၅ ရက်က စတင်ပြေးဆွဲခဲ့သော အဘူဂျာ-ကာဒူနာ ရထားခရီးစဉ်များကိုလက်နက်ကိုင်တပ်ဖွဲ့ဝင်များက လုံခြုံရေးရယူပေးထားပြီး လိုက်ပါမည့်ခရီးသည်များအနေဖြင့်လည်း အမျိုးသားမှတ်ပုံတင်ကတ်ပြားဖြင့်သာ စီးနင်းခွင့်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် မြောက်ဘက်ဒေသများ၌ တောပုန်းဓားပြများ၏ ဆူပူသောင်းကျန်းမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ KKO

# တောင်ကိုရီးယားနိုင်ငံ၌ ကုန်တင်ယာဉ်မောင်းများသပိတ်ကြောင့် နိုင်ငံတစ်ဝန်းရှိ ဆီဆိုင် ၁၀၀ ခန့် ရောင်းဆီပြတ်လပ်

**ဆိုးလ် ဒီဇင်ဘာ ၆**

တောင်ကိုရီးယား ကုန်တင်ယာဉ်မောင်းများ ပြည်လုံးကျွတ်သပိတ်ကြောင့် တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ဓာတ်ဆီဆိုင် ၁၀၀ နီးပါးခန့်မှာ ရောင်းဆီများပြတ်လပ်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အနည်းဆုံးလုပ်ခလစာမြှင့်တင်ပေးရေးအတွက် တောင်းဆိုနေကြသည့် တောင်ကိုရီးယားကုန်တင်ယာဉ်မောင်းများသည် ၎င်းတို့၏ ပြည်လုံးကျွတ်သပိတ်ကို နိုဝင်ဘာ ၂၄ ရက်က စတင်ခဲ့သည်။

ကုန်တင်ယာဉ်မောင်းများ သမဂ္ဂတာဝန်ရှိသူများနှင့်တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူများအကြား နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း လက်ရှိအချိန်ထိ မည်သည့် သဘောတူညီချက်မျှ မရယူနိုင်ခဲ့ကြောင်း သိရသည်။

ကုန်တင်ယာဉ်များ သပိတ်ကြောင့် ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ဓာတ်ဆီဆိုင် ၁၀၀နီးပါးမှာ ရောင်းဆီများ ပြတ်လပ်ခဲ့ရကြောင်း ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း၏ အဆိုအရ သိရသည်။

အဆိုပါဓာတ်ဆီဆိုင်များအနက် ၆၀ရာခိုင်နှုန်းခန့်မှာ ဆိုးလ်မြို့နှင့် ဂွမ်ဂီပြည်နယ်တို့၌ တည်ရှိကြောင်း ကိုရီးယား ရေနံကော်ပိုရေးရှင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။





တစ်ချိန်တည်းမှာပင် သမ္မတ ယွန်ဆွတ်ယိုး၏အလုပ်ခွင်ပြန်ဝင်ရေး အမိန့်များထုတ်ပြန်ရေး အစီအစဉ်ကိုဆန့်ကျင်သည့်အနေဖြင့် ကိုရီးယားအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်ကလည်း ကုန်တင်ယာဉ်မောင်းများနှင့်အတူ ယနေ့တွင် ပြည်လုံးကျွတ်သပိတ်မှောက်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာ့သိပ္ပံပညာသမိုင်းတွင် အကြီးမားဆုံးရေဒီယိုတယ်လီစကုပ်ကွန်ရက်ဖြစ်လာမည့် SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်တည်ဆောက်မှု ဩစတြေးလျနိုင်ငံ၌ စတင်



**ကင်ဘာရာ ဒီဇင်ဘာ ၆**

ကမ္ဘာ့သိပ္ပံပညာ သမိုင်းတစ်လျှောက် အကြီးမားဆုံးရေဒီယိုတယ်လီစကုပ်ကွန်ရက်ဖြစ်လာမည့် SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက် တည်ဆောက်မှုလုပ်ငန်းကို ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း ABC သတင်းဌာနက ဒီဇင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် ၂၁ ရာစု၏အကြီးမားဆုံး သိပ္ပံပညာစီမံချက်များတွင် အပါအဝင်ဖြစ်ပြီး နှစ်ပေါင်း ၃၀ ကြာ အချိန်ယူပြင်ဆင်ခဲ့ရသည့် စီမံချက်လည်းဖြစ်သည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက် စီမံကိန်းကို နှစ်ပိုင်းခွဲထားပြီး ဩစတြေးလျနိုင်ငံအနောက်ပိုင်းနှင့်တောင်အာဖရိကနိုင်ငံ ကာရိုးဒေသတို့၌ နေရာခွဲ၍တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း၌ တည်ဆောက်မည့် SKA - Low အမည်ရှိ SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်၌ လိုင်းဖမ်းအင်တာနာတိုင်ပေါင်း ၁၃၁၀၇၂ တိုင်ပါဝင်မည်ဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၌ တည်ဆောက်မည့် SKA-Mid အမည်ရှိ SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်တွင်မူ သမားရိုးကျ လှိုင်းဖမ်းဝန်း ၁၉၇ ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် စကြဝဠာ၏သမိုင်းဦးကာလကို လေ့လာရာတွင် သိပ္ပံပညာရှင်များကို အထောက်အကူပေးနိုင်မည်ဖြစ်သည်။

KKO


## အိုရီယွန်အာကာသယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် ဒြပ်ဆွဲအားအကူအညီရယူရန် လ၏ဒြပ်ဆွဲအားနယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အိုရီယွန်အာကာသယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် လ၏ဒြပ်ဆွဲအားအကူအညီကိုရယူရန် လ၏ဒြပ်ဆွဲအားနယ်မြေအတွင်းသို့ ဒီဇင်ဘာ ၃ ရက်က ပြန်လည်ဝင်ရောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသယာဉ်သည် ဒီဇင်ဘာ ၃ ရက်က လမျက်နှာပြင်ကို မိုင်ပေါင်း ၃၉၉၉၃ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက်လ၏ဒြပ်ဆွဲအားဝန်းကျင်အောက်သို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်သည် ယနေ့တွင် လ၏ဒြပ်ဆွဲအားဝန်းကျင်အောက်မှထွက်ခွာ၍ ကမ္ဘာမြေအပြန်ခရီးကို ပြန်လည်စတင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။



အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ ပစိဖိတ်သမုဒ္ဒရာအတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်အရ အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် နိုဝင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လကမ္ဘာပေါ်သို့ လူသားများပြန်လည်စေလွှတ်မည့် နာဆာ၏ ရည်မှန်းချက်အတွက် အားတီးမစ်-၁ မစ်ရှင်သည် ပထမဆုံးခြေလှမ်းဖြစ်ကြောင်း သိရသည်။

KKO

## လွန်ခဲ့သောနှစ်ပေါင်းသန်း ၇၀ ခန့်က ယနေ့ခေတ်မွန်ဂိုလီးယားနိုင်ငံ၌ ပင်ဂွင်ငှက်နှင့်တူသည့် ရေပျော်အသားစားဒိုင်နိုဆောတစ်မျိုး ရှင်သန်နေထိုင်ခဲ့ဖူး

**ဆိုးလ် ဒီဇင်ဘာ ၆**

ပင်ဂွင်ငှက်နှင့်အလားတူသည့် ရေပျော် အသားစားဒိုင်နိုဆောတစ်မျိုးသည် လွန်ခဲ့သောနှစ်ပေါင်းသန်း ၇၀ ခန့်က ယနေ့ခေတ် မွန်ဂိုလီးယားနိုင်ငံ၌ ရှင်သန်နေထိုင်ခဲ့ဖူးကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

Natovenator Polydontus ဟု၍ အမည်ပေးထားသည့် အဆိုပါဒိုင်နိုဆောများမှာ ကိုယ်ခန္ဓာအရွယ်အစားအားဖြင့် ကြက်တစ်ကောင်အရွယ်မျှသာရှိပြီး ပင်ဂွင်ငှက်များကဲ့သို့ ရေယက်ပြားပုံစံ လက်တံများပိုင်ဆိုင်ထားကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Natovenator Polydontus ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရဒေသရှိ အွမ်နိုဂိုဗီပြည်နယ်၌ ၂၀၀၈ ခုနှစ်အတွင်း တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ယနေ့ခေတ် ပင်ဂွင်ငှက်ကဲ့သို့ ချောမွေ့သည့်ကိုယ်ခန္ဓာမျိုးရှိသော Natovenator Polydontus ဒိုင်နိုဆောများသည် ကုန်းပေါ်ထက် ရေထဲနေချိန်ပိုများသည့် ရေပျော်ဒိုင်နိုဆောများ ဖြစ်ကြကြောင်း တောင်ကိုရီးယားသိပ္ပံပညာရှင်များက ပြောကြားသည်။

Natovenator Polydontus ဒိုင်နိုဆောများသည် ပုံမှန်မဟုတ်ဘဲ သွားအများအပြား ပိုင်ဆိုင်ထားပြီး ရေငုပ်နိုင်စွမ်းရှိရာ ငါးသတ္တဝါငယ်များကို ဖမ်းယူစားသောက်နိုင်ကြောင်း၊ အချို့သော ဒိုင်နိုဆောများသည် မူလတွေးထင်ထားသည်ထက်ပို၍ ရေပြင်၌ပိုပျော်သည့်ဒိုင်နိုဆောများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

# HEALTH

## ကိုဗစ်ရောဂါခံစားရသူ လူနာများ အသည်းအင်္ဂါ ထိခိုက်ပျက်စီးနိုင်

**နယူးယောက် ဒီဇင်ဘာ ၆**

ကိုဗစ်ရောဂါ ခံစားရသူလူနာများတွင် အသည်းအင်္ဂါထိခိုက်ပျက်စီးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ အဆိုအရ ကိုဗစ်ရောဂါကြောင့် အသည်းအင်္ဂါမာဆတ်မှု မြင့်မားလာတတ်ကြောင်း သိရသည်။

အသည်းမာဆတ်မှု (Heart Stiffing)သည် အသည်းရေရှည်ထိခိုက်မှု၏ လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါဖြစ်ပွားဖူးသူ ဦးရေ ၃၀ ကျော်နှင့် ၎င်းရောဂါမဖြစ်ဖူးသူများ၏ အသည်းမာဆတ်မှုနှုန်းကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုဗစ်ရောဂါဖြစ်ဖူးသူများ၏အသည်းမာဆတ်မှုနှုန်းသည် အဆိုပါရောဂါမဖြစ်ဖူးသူများထက် သိသိသာသာပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါနောက်ဆက်တွဲအသည်းမာဆတ်မှုပြဿနာကြောင့် အသည်းကျန်းမာရေးအပေါ် ရေရှည်ဆိုးကျိုးသက်ရောက်နိုင်မှု ရှိ၊ မရှိကို မသိရသေးပေ။

မိမိတို့၏ လေ့လာတွေ့ရှိချက်များမှာ အတိုင်းအဆသေးငယ်သော ပဏာမလေ့လာမှုမှ ပေါ်ထွက်လာသည့်ရလဒ်များဖြစ်ရာ ဆေးပညာအရ အတည်ပြု၍ မရနိုင်သေးကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

KKO

## ကင်ဆာကိုရောဂါရင့်ချိန်မှစစ်ဆေးတွေ့ရှိနိုင်ခြေ ပုံစံ-၂ ဆီးချိုရောဂါရှိသူများတွင် မြင့်မားနေတတ်

**ပဲရစ် ဒီဇင်ဘာ ၆**

ပုံစံ-၂ ဆီးချိုရောဂါရှိသူများသည် ကင်ဆာရောဂါများအထူးသဖြင့် ဓာတ်မှန်ရိုက်စစ်ဆေး၍ မရနိုင်သည့် ကင်ဆာရောဂါများကို ရောဂါရင့်ချိန်မှ စစ်ဆေးတွေ့ရှိရနိုင်ခြေ ပုံမှန်ထက်ပိုများကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

ပြင်သစ်နိုင်ငံ နိုင်ငံတကာကင်ဆာသုတေသန အေဂျင်စီမှ သုတေသန ပညာရှင်များသည် ရိုရင်းစွဲနှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် ကင်ဆာရောဂါကို ရောဂါရင့်ချိန်မှစစ်ဆေးတွေ့ရှိရမှုတို့ကြား ဆက်စပ်မှုရှိ၊မရှိကို ဖော်ထုတ်ရေးအတွက် လူပေါင်း ၄၀၀၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာကဲ့သို့ ကင်ဆာရောဂါများကိုမူ ပုံစံ-၂ ဆီးချိုရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကင်ဆာဆဲလ်များမပျံ့နှံ့မီ ဓာတ်မှန်ရိုက်၍ စစ်ဆေးဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လေ့လာတွေ့ရှိချက်များအရ ပုံစံ-၂ ဆီးချိုရောဂါ ရှိနေမှုသည် ဓာတ်မှန်ရိုက်စစ်ဆေး၍ မရသည့် ကင်ဆာရောဂါများကို ရောဂါရင့်ချိန်မှ စစ်ဆေးတွေ့ရှိနိုင်ခြေ ပုံမှန်ထက် မြင့်မားလာမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် အထက်ပါအခြေအနေနှစ်ရပ်ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘရာဇီးကိုရှုံးနိမ့်ခဲ့သည့်ကမ္ဘာ့ဖလားအပြီးတွင် တောင်ကိုရီးယားအသင်းနည်းပြ ရာထူးမှ နုတ်ထွက်

**ဆိုးလ် ဒီဇင်ဘာ ၆**

ကမ္ဘာ့ဖလား(၁၆)သင်း ရှုံးထွက်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တောင်ကိုရီးယားအသင်းက ဘရာဇီးအသင်းကို လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြဘန်တိုအနေဖြင့် ရာထူးမှနုတ်ထွက်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဘန်တို၏ တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ဂါနာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဥရုဂွေးအသင်းကို ဂိုးမရှိသရေ ကစားနိုင်ခဲ့ကာ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပေါ်တူဂီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလား (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သဖြင့် ဘရာဇီးအသင်းနှင့် တွေ့ဆုံခဲ့ရာ လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြ ဘန်တိုက ရာထူးမှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

နည်းပြဘန်တိုက "ကျွန်တော့်အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်ခင် ပြီးခဲ့တဲ့ စက်တင်ဘာလထဲက တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်ကို ရာထူးကနုတ်ထွက်ဖို့ တောင်းဆိုထားတာပါ။ ကစားသမားများကိုလဲ အသိပေးထားပြီးဖြစ်ပါတယ်။ အခုချိန်မှာတော့ ရာထူးကနုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ အသင်းမှာ ကျွန်တော့်ကို ကူညီပေးခဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ အနာဂတ်နဲ့ ပတ်သက်လို့ကတော့ အခုချိန်မှာ အနားယူဖို့ စီစဉ်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

နည်းပြဘန်တိုသည် တောင်ကိုရီးယားအသင်းကို ၂၀၁၈ ခုနှစ်က စတင် တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲစုံ ၅၇ ပွဲတွင် ၃၅ ပွဲနိုင်၊ ၁၃ ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ၂၀၁၉ ခုနှစ် အေအက်ဖ်စီဖလားပြိုင်ပွဲတွင်လည်း အသင်းအား ကွာတားဖိုင်နယ်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သည့်အပြင် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း (၁၆) သင်း ရှုံးထွက်အဆင့်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ဂျာမနီအသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသင်းဆရာဝန် ဘီးယားဟော့ဖ်က ရာထူးမှ နုတ်ထွက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝက်စ်ဟမ်းအသင်း ဒုတိယဥက္ကဋ္ဌ ဆူလီဗန်နှင့် အပြောင်းအရွှေ့ကိစ္စရပ်များတွင် သဘောထားမတိုက်ဆိုင်မှုကြောင့် နည်းပြ မိုယက်စ်က ရာထူးမှ နုတ်ထွက်ရန် စီစဉ်နေကြောင်း သိရသည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်း၌ ခြေစွမ်းပြနေသည့် လိုက်ပ်ဇစ်ခံစစ်ကစားသမား ဂါဗာဒီယိုကို ခေါ်ယူရန် ချဲလ်ဆီး၊ မန်စီးတီး၊ ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်လျက်ရှိသည်။ ML

**ကမ္ဘာ့ဖလား (၁၆) သင်းအဆင့် ပွဲစဉ်ရလဒ်**

မော်ရိုကို ၀ - ၀ စပိန် **(မိနစ် ၉၀ ရလဒ်)**

**ပင်နယ်တီရလဒ်**

မော်ရိုကို ၃ - ၀ စပိန်

(၀၄၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း ငါးဂိုးပြတ် အနိုင်ရရှိ



**နေပြည်တော် ဒီဇင်ဘာ ၆**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် (၃)တို့၌ ဆက်လက်ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မကွေးတိုင်းဒေသကြီး အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်ဇနီး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။ STA

# PIF လုပ်ငန်းစုက မန်ယူအသင်းကိုဝယ်ယူရန်အတွက် နယူးကာဆယ်အသင်းကို ပြန်လည်ရောင်းချရန်ပြင်ဆင်

**မန်ချက်စတာ ဒီဇင်ဘာ ၆**

လက်ရှိ နယူးကာဆယ်အသင်းပိုင်ရှင်ဖြစ်သည့် Saudi Public Investment Fund (PIF) လုပ်ငန်းစုက မန်ယူအသင်းကို ဝယ်ယူရန်အတွက် နယူးကာဆယ်အသင်းကို ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် စီရော်နယ်ဒိုကို စာချုပ်ဖျက်သိမ်းမှုနှင့်အတူ စပွန်ဆာကုမ္ပဏီများနှင့် ဆက်ဆံရေး မပြေလည်မှုများကြောင့် အသင်းပိုင်ရှင် ဂလေဇာမိသားစုက ပြီးခဲ့သည့်လအတွင်းက အသင်းကို ပြန်လည် ရောင်းချတော့မည်ဟု အတည်ပြု ကြေညာခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းမှ ဘီလျံနာများနှင့် စီးပွားရေးလုပ်ငန်းစုများက အပြိုင်ဝယ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ ပြန်လည်ရောင်းချလိုနေပြီး လက်ရှိတွင် ချဲလ်ဆီးအသင်းကို အရောင်းအဝယ်ပြုလုပ်ပေးခဲ့သည့် Rain Group ကို အသင်းအရောင်းအဝယ်ပြုလုပ်ရန် တာဝန်ပေးအပ်ထားပြီးဖြစ်သည်။

Saudi Public Investment Fund(PIF) လုပ်ငန်းစုက နယူးကာဆယ်အသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီကမှ ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း မန်ယူအသင်းကို ပိုမိုအလိုရှိနေသည့်အတွက် နယူးကာဆယ်အသင်းကို ပြန်လည်ရောင်းချပြီး ဝယ်ယူရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

ထို့ပြင် ဆော်ဒီအာရေဗျ အားကစားဝန်ကြီး ကိုယ်တိုင်က နိုင်ငံအတွင်းမှ လုပ်ငန်းရှင်များကို လီဗာပူးအသင်း သို့မဟုတ် မန်ယူအသင်းတို့မှ တစ်သင်းကိုဝယ်ယူစေလိုသည်ဟု တိုက်တွန်းထားသည့်အတွက် Saudi Public Investment Fund(PIF) လုပ်ငန်းစုကလည်း နယူးကာဆယ်အသင်းထက် မန်ယူအသင်းကိုသာ ပိုမိုအလိုရှိနေခြင်းဖြစ်ကြောင်း သိရသည်။ STA

# MENA Tour Tournament 4 ချန်ပီယံဆုကို အာရှန်ဇမ်မာ ဆွတ်ခူး

**ရိယာဒ် ဒီဇင်ဘာ ၆**

ဆော်ဒီအာရေဗျ နိုင်ငံတွင် ကျင်းပခဲ့သည့် MENA Tour Tournament 4 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အီတလီဂေါက်သီးရိုက် ကစားသမား အာရှန်ဇမ်မာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှန်ဇမ်မာသည် နောက်ဆုံးနေ့အပြီးတွင် တစ်နိုင်ငံတည်းသား ကစားသမား တစ်ဦးဖြစ်သည့် ဆာရာစီနိုနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် Play-Off ကစားခဲ့ရာတွင် အာရှန်ဇမ်မာက အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယဂေါက်သီးရိုက်ကစားသမား အာမတ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အာရှန်ဇမ်မာက "အခက်အခဲတွေကြားထဲကနေ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ပြိုင်ပွဲက ကစားရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့လဲ ဥရောပနဲ့မတူတဲ့ ရာသီဥတုအခြေအနေကြောင့် ကစားရတာ နည်းနည်းခက်တယ်။ ပြိုင်ပွဲဝင်အားလုံးကလဲ အကောင်းဆုံး ကြိုးစားကစားခဲ့တဲ့အတွက် နောက်ဆုံးနေ့ပြီးတဲ့ထိကို ချန်ပီယံဆုအတွက် အဖြေမထွက်ခဲ့ဘူး။ Play-Off ထိ ကစားခဲ့ရတယ်။ Play-Off မှာ ကျွန်တော်နဲ့ ဆာရာစီနိုအကြိတ်အနယ်ကစားခဲ့ရတယ်။ ကံတရားက ကျွန်တော့်ဘက်မှာရှိနေတဲ့အတွက် Play-Off မှာ ကျွန်တော် အနိုင်ရခဲ့တယ်။ ကျွန်တော့်အတွက်တော့ ဆော်ဒီအာရေဗျမှာ ပထမဦးဆုံးအကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။




MENA Tour Tournament 4 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ပြိုင်ပွဲဝင်ပေါင်း ဦးရေ ၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အကြိတ်အနယ်ရှိသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ကြောင်း သိရသည်။ AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ကစားသမား ၂၆ ဦးစလုံးအသုံးပြုခဲ့သည့် ပထမဆုံးအသင်းအဖြစ် ဘရာဇီးအသင်းမှတ်တမ်းဝင်



**ဘရာဇီးလီးယား ဒီဇင်ဘာ ၆**

ဘရာဇီးအသင်းသည် ယခု ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ရွေးစင်အသင်းအတွက် ကစားသမား ၂၆ ဦးထိ ရွေးချယ်ခဲ့ပြီးနောက် (၁၆) သင်းရှုံးထွက်အဆင့် ကစားပြီးချိန်တွင် ကစားသမားအားလုံးလူစားလဲ အသုံးပြုခဲ့သောကြောင့် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် ကစားသမားအားလုံး အသုံးပြုခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရာဇီးအသင်းနည်းပြ တိုက်သည် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ရစ်ချာလီဆန်၊ ရာဖင်ဟာ၊ နေမာ၊ ဗင်နီစီးယက်စ်၊ ပါကွီတာ၊ ကက်စမီရို၊ ဒန်နီလို၊ မာကွင်ဟို၊ သီယာဂိုဆေးဗား၊ ဆန်ဒရို၊ အယ်လက်ဆန် တို့ကိုအသုံးပြုခဲ့ပြီး အုပ်စုဒုတိယ ပွဲစဉ်တွင် ၎င်းတို့ထဲမှနေမာနှင့် ဒန်နီလိုတို့ နေရာတွင် ဖရက်ဒ်နှင့် မီလီတာအိုတို့ကို ပြောင်းလဲအသုံးပြုခဲ့သကဲ့သို့ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဂျီးဆပ်စ်၊ မာတင်နယ်လီ၊ ရိုဒရီဂို၊ အန်တိုနီ၊ ဖဘင်ဟို၊ တဲလက်စ်၊ ဘရီမာ၊ ဒန်နီအဲလ်ဗက်နှင့် အီဒါဆန်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည့်အပြင် တိုက်စစ်မှူးပက်ထရို၊ ကွင်းလယ်ကစားသမား ဗီမာရေ့စ်နှင့် ရီဘာရီရိုတို့ကို လူစားလဲခဲ့ကြောင်း သိရသည်။

ထို့အတူ (၁၆) သင်း ရှုံးထွက်အဆင့် တောင်ကိုရီးယားအသင်းနှင့် ပွဲစဉ်တွင်လည်း လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိနေသည့် ပွဲကစားချိန် မိနစ် ၈၀ တွင် တတိယဦးစားပေး ဂိုးသမား ဝီဗာတန်ကို ဂိုးသမား အယ်လစ်ဆန်နှင့် လူစားလဲကစားခွင့်ပေးခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားသမား ၂၆ဦးစလုံး အသုံးပြုခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခင်က ကမ္ဘာ့ဖလားသမိုင်းတွင် ပြိုင်ပွဲဝင်ကစားသမား ၂၃ ဦးစလုံး အသုံးပြုခဲ့သည့် နယ်သာလန်အသင်းက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယလုပွဲတွင် ဘရာဇီးအသင်းကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ တတိယဦးစားပေး ကစားသမားများကို လူစားလဲ အသုံးပြုခဲ့သောကြောင့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သော်လည်း လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းက ကစားသမား ၂၆ ဦးကို (၁၆) သင်း ရှုံးထွက်အဆင့် အရောက်တွင် အသုံးပြုခဲ့သည့်အတွက် နယ်သာလန်အသင်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ ML

# လက်ဘားဒီယာကို နည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း စတုဂတ်အသင်း ထုတ်ပြန်ကြေညာ

**ဘာလင် ဒီဇင်ဘာ ၆**

ဂျာမန်ဘွန်ဒက်လီဂါ ကလပ် စတုဂတ်အသင်းသည် ပြီးခဲ့သည့် အောက်တိုဘာလက နည်းပြ မာတာရာဇိုကို ထုတ်ပယ်ခဲ့ပြီးနောက် ယခုအခါအသင်းနှင့် လက်တွဲခဲ့ဖူးသည့် နည်းပြ လက်ဘားဒီယာကို နည်းပြသစ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့ကြောင်း Fotmob.com က ဖော်ပြခဲ့သည်။

စတုဂတ်အသင်းသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြ မာတာရာဇိုကို ထုတ်ပယ်ခဲ့ပြီး နောက် အသင်းလက်ထောက်နည်းပြဝမ်မာကိုသာ ယာယီနည်းပြအဖြစ် ခန့်အပ်၍ နည်းပြသစ်ရှာဖွေခဲ့ရာ အသင်းနှင့်၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်ထိ လက်တွဲခဲ့ဖူးသည့် နည်းပြလက်ဘားဒီယာကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။

လက်ရှိတွင် ယာယီနည်းပြ ဝမ်ဘာသည် အသင်းကို အမှတ်ပေးပြိုင်ပွဲခုနစ်ပွဲကိုင်တွယ်ခဲ့ရာ သုံးပွဲထိ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဘွန်ဒက်လီဂါ ၁၅ ပွဲကစားအပြီးတွင် ရမှတ် ၁၄ မှတ်ထိ စုဆောင်းနိုင်ခဲ့သဖြင့် အမှတ်ပေးဇယားအဆင့် (၁၆) ထိ ရောက်ရှိလာခဲ့ပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရန် အခွင့်အရေးများ ရှိလာခဲ့ချိန်တွင် အသင်းတာဝန်ရှိသူများက နည်းပြဟောင်း လက်ဘားဒီယာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့သည်။

နည်းပြ လက်ဘားဒီယာက "ကျွန်တော့်အနေနဲ့ အသင်းကို ပြန်လည်တာဝန်ယူခွင့်ရလို့ဝမ်းသာမိပါတယ်။ အရင်ကစတုဂတ်အသင်းမှာ နည်းပြဘဝရဲ့ အကောင်းဆုံးအချိန်ကိုရရှိခဲ့ဖူးပါတယ်။ အခုချိန်မှာလဲ အဲလိုရလဒ်မျိုး ရရှိအောင် လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့ အလုပ်ကြိုးစားမယ်ဆိုရင်အောင်မြင်မှု ရယူနိုင်မှာပါ။ လာမယ့် ဒီဇင်ဘာ ၁၂ရက်မှာတော့ အသင်းရဲ့ လေ့ကျင့်ခန်းအစီအစဉ်ကိုစတင်ပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဖလားပြိုင်ပွဲ ပင်နယ်တီအဆုံးအဖြတ်တွင် သုံးကြိမ်ထိကာကွယ်နိုင်ခဲ့သည့် တတိယမြောက်ဂိုးသမားအဖြစ် ခရိုအေးရှားဂိုးသမား လီဗာကိုဗစ် မှတ်တမ်းဝင်

**ဒိုဟာ ဒီဇင်ဘာ ၆**

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပင်နယ်တီအဆုံးအဖြတ်၌ သုံးကြိမ်ထိကာကွယ်နိုင်ခဲ့သည့် တတိယမြောက်ဂိုးသမားအဖြစ် ခရိုအေးရှားအသင်းဂိုးသမား လီဗာကိုဗစ်က မှတ်တမ်းဝင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆) သင်း ရှုံးထွက်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ခရိုအေးရှားအသင်းနှင့် ဂျပန်အသင်းတို့ပွဲစဉ်သည် ပွဲချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ တို့တွင် တစ်ဂိုးစီ သရေလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ ခရိုအေးရှားအသင်းဂိုးသမား လီဗာကိုဗစ်က သုံးကြိမ်ထိ ကာကွယ်မှုပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား လီဗာကိုဗစ်က ဂျပန်အသင်းမှ ပင်နယ်တီကန်သွင်းခဲ့ကြသည့် အဆာနို၏ သွင်းဂိုးတစ်ဂိုးကိုသာ မကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပြီး မီနာမီနို၊ မိတိုမာနှင့် ယိုရှီဒါတို့၏ ကန်သွင်းမှုသုံးကြိမ်ကို ကာကွယ်နိုင်ခဲ့ပြီးနောက် ခရိုအေးရှားအသင်းကို ကွာတားဖိုင်နယ်အဆင့် တက်ရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သကဲ့သို့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာ၌ သုံးကြိမ်ထိ ကာကွယ်မှုပြုလုပ်နိုင်ခဲ့သည့် ပထမဆုံး ဂိုးသမားအဖြစ် ပြီးခဲ့သည့် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်ပေါ်တူဂီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းဂိုးသမားရီကာဒိုက အင်္ဂလန်အသင်းမှ ကစားသမားများသွင်းယူခဲ့သည့် ပင်နယ်တီသုံးကြိမ်ကို ကာကွယ်ပြီး စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယမြောက် ပင်နယ်တီ သုံးကြိမ်ကာကွယ်နိုင်ခဲ့သည့်ဂိုးသမားအဖြစ် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ခရိုအေးရှားအသင်း ဂိုးသမား ဆူဘာဆစ်က မှတ်တမ်းဝင်ခဲ့ပြီး ပင်နယ်တီသုံးကြိမ် ကာကွယ်နိုင်ခဲ့သည့် ဂိုးသမားသုံးဦးတွင် ခရိုအေးရှားအသင်းမှဂိုးသမား နှစ်ဦးထိ ပါဝင်ခဲ့သည်။ STA

# ၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ဂေးလ်မွန့်ဖီး ပြောကြား

**မဲလ်ဘုန်း ဒီဇင်ဘာ ၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပသွားမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ပြင်သစ်နာမည်ကြီး တင်းနစ်ကစားသမား ဂေးလ်မွန့်ဖီးက ပြောကြားခဲ့သည်ဟု Sporting News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေးလ်မွန့်ဖီးအနေဖြင့် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲဝင်ခွင့် လွဲချော်ရခြင်းမျိုးမဟုတ်ဘဲ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် Protected Ranking ကို ကာကွယ်လိုသည့်အတွက် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ ခြောက်လထိ အနားယူသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တင်းနစ်လောက၏ စည်းမျဉ်းစည်းကမ်းအရ ဒဏ်ရာပြဿနာကြောင့် ခြောက်လထိ အနားယူခဲ့ရသည့် ကစားသမားတစ်ဦးအနေဖြင့် ပြိုင်ပွဲသို့ ပြန်လည်ဝင်ရောက်လာပါက ဒဏ်ရာရခဲ့စဉ်က ရပ်တည်ခဲ့သည့် ကမ္ဘာ့အဆင့်အတိုင်းပြန်လည်သတ်မှတ်ပေးမည်ဖြစ်ပြီး Protected Ranking စည်းမျဉ်းဖြင့် အကျုံးဝင်မည်ဖြစ်သည်။

ဂေးလ်မွန့်ဖီးသည် ပြီးခဲ့သည့် ဩဂုတ်လက ကနေဒါနိုင်ငံတွင် ကျင်းပခဲ့သော ကနေဒါအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာကြောင့် အနားယူနေရသူဖြစ်သည်။

၎င်းသည် လက်ရှိကမ္ဘာ့အဆင့်ရပ်တည်ချက်မှာ အဆင့် (၅၂) ဖြစ်ပြီး ခြောက်လပြည့်သည်ထိအနားယူပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပါက ခြောက်လပြည့်မြောက်ပြီး ပြိုင်ပွဲပြန်ဝင်သည့်အချိန်တွင် ကမ္ဘာ့အဆင့် (၅၂) အဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။

အသက် ၃၆ နှစ်ရှိ ဂေးလ်မွန့်ဖီးက "တင်းနစ်လောကရဲ့ စည်းမျဉ်းအရ ခြောက်လပြည့်တဲ့ထိ အနားယူထားတဲ့ ကစားသမားတစ်ဦးဟာ Protected Ranking စည်းမျဉ်းနဲ့ အကျုံးဝင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ခြောက်လပြည့်တဲ့ထိ စောင့်ဖို့အတွက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာမဟုတ်ပါဘူး။ ၂၀၂၃ ခုနှစ်တင်းနစ်ရာသီဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့ ရာသီဖြစ်ပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့လွဲချော်ခဲ့ရပေမဲ့လဲ တခြားဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရယူဖို့ အခွင့်အရေးတွေ ရှိနေပါသေးတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# WBO အဖွဲ့ချုပ်က လက်ရှိချန်ပီယံ အိုကိုလိုင်ကို ဒေးဗစ်လိုက်နှင့်ထိုးသတ်ရန် ညွှန်ကြား

**ဆန်ဂျွမ် ဒီဇင်ဘာ ၆**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်း (WBO) က WBO ခရူဆာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဖြစ်သူ အင်္ဂလန်လက်ဝှေ့သမား အိုကိုလိုင်အား WBO International၊ WBO Global ခရူဆာဝိတ်တန်းချန်ပီယံ နယူးဇီလန်လက်ဝှေ့သမား ဒေးဗစ်လိုက်နှင့် ထိုးသတ်ရန် ညွှန်ကြားလိုက်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေးဗစ်လိုက်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး WBO ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အား ရရှိထားသူဖြစ်က လက်ရှိချန်ပီယံ အိုကိုလိုင်အနေဖြင့် ဒေးဗစ်လိုက်နှင့်သေချာပေါက်ထိုးသတ်ရမည်ဖြစ်သည်။

စိန်ခေါ်ပွဲထိုးသတ်ရန်အတွက် နှစ်ဖက်အသင်းမှ တာဝန်ရှိသူများကို ရက်ပေါင်း ၂၀ အတွင်း ဆွေးနွေးမှုကို အပြီးသတ်ဆောင်ရွက်ရန် ညွှန်ကြားထားသည်။

WBO ချန်ပီယံရှစ်ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘက်တစ္စတာ ဆာလက်စ်က "WBO ခရူဆာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံအိုကိုလိုင်ကို ဒေးဗစ်လိုက်နဲ့ထိုးသတ်ဖို့ ညွှန်ကြားလိုက်ပါတယ်။ နှစ်ဖက်အသင်းအနေနဲ့ စိန်ခေါ်ပွဲရက်ကိုသတ်မှတ်နိုင်ဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်ဖို့ ရက်ပေါင်း ၂၀ အချိန်ပေးထားပါတယ်။ WBO ရဲ့ စည်းမျဉ်းအရ သတ်မှတ်ရက်အတွင်းမှာ ဆွေးနွေးညှိနှိုင်းမှုကို အပြီးသတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နှစ်ဖက်အသင်းအနေနဲ့လဲ ဆွေးနွေးမှုပြုလုပ်နေစဉ်ကာလအတွင်း ထိုးသတ်ကြေးနဲ့ပတ်သက်ပြီး တောင်းဆိုနိုင်ပါတယ်"ဟုပြောကြားခဲ့သည်။AZL

# အရှေ့တောင်အာရှတွင် သပ်လျှိုသွေးခွဲရန်ကြံစည်လာသော အမေရိကန်




အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) မှခေါင်းဆောင်များကြား ပြုလုပ်ခဲ့သော ထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်နှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့ကြား ဆက်ဆံရေးတွင် ခေတ်သစ်တစ်ရပ်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းမှုကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ အမေရိကန် နှင့် အာဆီယံကြား ဆက်ဆံရေးထူထောင်မှု (၄၅)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် အမေရိကန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲကို မေ ၁၂ ရက်မှ ၁၃ ရက်ထိ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ ကျင်းပပြုလုပ်ခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနှင့်ဖိလစ်ပိုင်တို့သည် ၎င်းထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိဘဲ ကျန် ရှစ်နိုင်ငံမှခေါင်းဆောင်များသာ တက်ရောက်ခဲ့ကြသည်။ ဘိုင်ဒင်သည် အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံရန်အချိန် နှစ်နာရီသာပေးခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း တွေ့ဆုံ ဆွေးနွေးမှုများမရှိခဲ့ပေ။

အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သောပူးတွဲကြေညာချက်တစ်ခုတွင် နှစ်ဖက်စလုံးသည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးဆွေးနွေးပွဲ၌ ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ အမေရိကန်အနေဖြင့် ယူကရိန်းအရေး ဖြစ်ပွားနေသည့်အချိန်တွင်လည်း အင်ဒို-ပစိဖိတ်ဒေသအပေါ် အာရုံစိုက်ထားမှု ပျက်ကွက်ခြင်းမရှိကြောင်း ဖော်ပြလိုသဖြင့် ဘိုင်ဒင်သည် အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဘိုင်ဒင်သည် တရုတ်နိုင်ငံနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုကျယ်ပြန့်လာချိန်တွင် ပိုမိုကောင်းမွန်သော အနေအထား၌ ရပ်တည်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် အရှေ့တောင်အာရှ၏အရေးပါမှုသည် သိသာထင်ရှားလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများနှင့်ဆက်ဆံရေးမြှင့်တင်ခြင်းအားဖြင့် အမေရိကန်သည် ဒေသတွင်း၌ ၎င်း၏ရပ်တည်မှုနှင့်လွှမ်းမိုးမှုပိုမိုတောင့်တင်းခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိသည့်အပြင် တရုတ်နှင့်အာဆီယံကြားတွင်လည်း သပ်လျှိုသွေးခွဲရန် ကြံစည်လျက်ရှိသည်။ အမေရိကန်အနေဖြင့် အရှေ့တောင်အာရှဒေသတွင်းရှိ စိန်ခေါ်မှုများတွင် အဖြေရှာဖွေပေးခြင်းအားဖြင့် အာဆီယံတွင် အမေရိကန်၏ ခိုင်မာသောရပ်တည်ချက်ကို ပြသသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ဆက်ကီက ပြောကြားသွားခဲ့သည်။ မည်သို့ပင်ဆိုစေ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်နှင့် ဆက်ဆံရာတွင် သတိထားဆောင်ရွက်လျက်ရှိသည်။

သာဓကအနေဖြင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက လက်ရှိထိပ်သီးဆွေးနွေးပွဲသည် အေးချမ်းတည်ငြိမ်မှုနှင့်ဒေသတွင်း သာယာဝပြောရေးကိုဖော်ဆောင်နိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံက မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းကလည်း မှီခိုမှုနှင့်လွတ်လပ်မှုကြားတွင် လွတ်လပ်မှုကို ရွေးချယ်ကြောင်း၊ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းကြားတွင် စေ့စပ်ညှိနှိုင်းခြင်းကို ရွေးချယ်ကြောင်း၊ အပြန်အလှန် ဆွေးနွေးခြင်းနှင့် ပဋိပက္ခကြားတွင် ဆွေးနွေးအဖြေရှာခြင်းကို ရွေးချယ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်စစ်ပွဲကြားတွင် ငြိမ်းချမ်းရေးကိုရွေးချယ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှုကြားတွင် ပူးပေါင်းဆောင်ရွက်မှုကိုရွေးချယ်ကြောင်း ပြောကြားသွားသည်။

ဆိုရလျှင် အမေရိကန်အနေဖြင့် လက်ရှိ ယူကရိန်းအရေးတွင် အာဆီယံနိုင်ငံများကို ဖိအားပေးနိုင်မည်မဟုတ်ချေ။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ရုရှားနိုင်ငံကို ဆိုင်းငံ့ထားရေးနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဆန္ဒမဲမပေးဘဲ ကြားနေဝါဒကျင့်သုံးခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးကလည်း ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို စာနာနားလည်ပါကြောင်း၊ အာရှနိုင်ငံများအနေဖြင့် ဒေသတွင်း အေးချမ်းတည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းသွားသင့်ကြောင်း၊ နိုင်ငံတကာဥပဒေကို အခြေခံသော တစ်ဖက်သတ်ပိတ်ဆို့မှုများနှင့် လက်နက်ကိုင်ဆုံးဖြတ်မှုများကို ပူးတွဲဆန့်ကျင်သွားသင့်ကြောင်း၊ ဒေသတွင်း တင်းမာမှုများနှင့် ပဋိပက္ခများဖြစ်ရန် ကြိုးပမ်းလာမှုများကို တားဆီးသွားသင့်ကြောင်း ပြောကြားသွားသည်။

စင်စစ်အားဖြင့် မလေးရှားနှင့် အင်ဒိုနီးရှားတို့က ဩစတြေးလျ၊ ဗြိတိန်နှင့်အမေရိကန် လုံခြုံရေးမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် AUKUS သည် ဒေသတွင်း၌ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများကိုသာ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသဖြင့် အမေရိကန်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ဦးဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ထိပ်သီးဆွေးနွေးပွဲ၌ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ကပ်ရောဂါကြိုတင်ကာကွယ်ရေး၊ သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်ရေးတို့အပါအဝင် နယ်ပယ်များစွာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အမေရိကန်ဒေါ်လာ သန်း ၁၅၀ ပံ့ပိုးသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ သို့သော် အရှေ့တောင်အာရှဒေသတွင် အမေရိကန်၏ ပံ့ပိုးကူညီမှုသည် တရုတ်နိုင်ငံ၏ကူညီပံ့ပိုးမှုနှင့်နှိုင်းယှဉ်လျှင် များစွာနည်းပါးလျက်ရှိသည်။

❖ အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် အရှေ့တောင်အာရှ၏အရေးပါမှုသည် သိသာထင်ရှားလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ခြင်းအားဖြင့် အမေရိကန်သည် ဒေသတွင်း၌ ၎င်း၏ရပ်တည်မှုနှင့်လွှမ်းမိုးမှု ပိုမိုတောင့်တင်းခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိသည့်အပြင် တရုတ်နှင့်အာဆီယံကြားတွင်လည်း သပ်လျှိုသွေးခွဲရန် ကြံစည်လျက်ရှိသည်။ အမေရိကန်အနေဖြင့် အရှေ့တောင်အာရှဒေသတွင်းရှိ စိန်ခေါ်မှုများတွင် အဖြေရှာဖွေပေးခြင်းအားဖြင့် အာဆီယံတွင် အမေရိကန်၏ခိုင်မာသောရပ်တည်ချက်ကို ပြသသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျန်ဆက်ကီက ပြောကြားသွားခဲ့သည်။ ❖

၂၀၂၁ ခုနှစ် နိုဝင်ဘာလ တစ်လတည်း၌ပင်လျှင် တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများကို ကိုဗစ်-၁၉ ကာလအတွင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

အမှန်တော့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ သည် အရှေ့တောင်အာရှဒေသရှိများပြားလှသော အစီအစဉ်များအတွက် ခွဲဝေသုံးစွဲလိုက်မည်ဆိုလျှင် ပမာဏ အလွန်နည်းပါးနေမည်ဖြစ်သည်။ စင်စစ်အားဖြင့် ထိပ်သီးဆွေးနွေးပွဲ၏ အဓိကစိုးရိမ်ပူပန်မှုသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ထပ်လောင်းအတည်ပြုသွားရန်ပင်ဖြစ်သည်။

ဘိုင်ဒင်အစိုးရအနေဖြင့် ၎င်းတို့၏မျှော်မှန်းချက်ကို မြှင့်တင်သွားလိုလျှင် အာဆီယံနိုင်ငံများအား အမေရိကန်ဘက်မှ ရပ်တည်ပေးရေးဆွဲဆောင်စည်းရုံးဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဒေသတွင်း၌ တရုတ်၏ရပ်တည်ချက်ကို စိန်ခေါ်သလိုဖြစ်လာစေမည့်အပြင် တရုတ်နှင့် အာဆီယံနိုင်ငံများကြား အကောင်အထည်ဖော်လျက်ရှိသော ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အမေရိကန်နှင့် တရုတ်တို့ကြားတွင် မည်သည့်နိုင်ငံဘက်ကိုမှ ရပ်တည်သွားရန် ရွေးချယ်သွားမည်မဟုတ်ကြောင်း အတိအလင်း ပြောကြားသွားသည်။

ဘိုင်ဒင်သည် ယခုနှစ် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သော အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်အနေဖြင့် အင်ဒို-ပစိဖိတ်စီးပွားရေးမူဘောင် (IPEF) ဖွံ့ဖြိုးတိုးတက်ရေးအတွက် စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း၊ IPEF သည် ကုန်သွယ်မှုအဆင်ပြေချောမွေ့ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နည်းပညာတို့အတွက် စံနှုန်းများသတ်မှတ်ရေး၊ ပံ့ပိုးရေးကွင်းဆက်နှင့် အခြားသောနယ်ပယ်များတွင် အကျိုးစီးပွားမျှဝေခံစားနိုင်ရေး ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။

သို့သော် ဒေသတွင်း အချို့သောနိုင်ငံများကမူ IPEF သည် စစ်မှန်သောစီးပွားရေးမူဝါဒ ပေါင်းစည်းမှုများ ဖော်ဆောင်ခြင်းထက် တရုတ်နိုင်ငံကို တန်ပြန်ထိန်းညှိနိုင်မည့်နိုင်ငံရေးအရ ကြိုးပမ်းချက်တစ်ခုသာဖြစ်သည့်အတွက် စိုးရိမ်ပူပန်မိကြောင်းထုတ်ဖော်ပြောကြားသွားသည်။ အမေရိကန်သည် IPEFနှင့် စပ်လျဉ်း၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိသည့်အပြင် ပူးတွဲကြေညာချက်ပါ ထုတ်ပြန်မှုမရှိခဲ့ခြင်းသည် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်နှင့်အာဆီယံတို့ကြား သဘောထားကွဲလွဲမှုများ ရှိနေကြောင်းကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အာဆီယံနိုင်ငံများအနေဖြင့် အမေရိကန်နှင့် တရုတ်တို့ကြား ပဋိပက္ခဖြစ်ပွားမှုကို မလိုလားသလို မည်သည့်နိုင်ငံဘက်ကိုမှ ရပ်တည်သွားလိုသောဆန္ဒလည်းမရှိကြပေ။ စင်စစ်အားဖြင့် အာဆီယံသည် နှစ်နိုင်ငံစလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလျက် ဟန်ချက်ညီသောမူဝါဒ ချမှတ်သွားလိုခြင်းပင်ဖြစ်သည်။ ထိုသို့ချဉ်းကပ်ဆောင်ရွက်ခြင်းသည် အဖွဲ့ဝင်နိုင်ငံများ၏ အကောင်းဆုံးအကျိုးစီးပွားပင်ဖြစ်သည်။

ဆိုရလျှင် ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်နှင့် အာဆီယံကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၇၉ ဘီလီယံရှိခဲ့သည့်အချိန်တွင် တရုတ်နှင့် အာဆီယံကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၇၈ ဒသမ ၂ ဘီလီယံထိရှိခဲ့သည်။ တရုတ်နိုင်ငံသည် အာဆီယံ၏အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) အောက်တွင် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးထားကြသည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် ပထဝီနိုင်ငံရေးအကျိုးစီးပွားအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ၎င်း၏ဘက်တွင် ရပ်တည်ပေးရန် ဖိအားပေးဆောင်ရွက်လာခြင်းသည် အာဆီယံ၏ဆန္ဒဖြစ်သည့် ဒေသတွင်း အေးချမ်းတည်ငြိမ်မှုထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်နိုင်ရေးတို့ကို အဟန့်အတားဖြစ်လာစေမည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အင်အားကြီးနိုင်ငံများ၏ အင်အားပြိုင်ဆိုင်မှုကြားတွင် မြေစာပင်မဖြစ်စေရေး လိမ္မာပါးနပ်စွာ ရပ်တည်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား** –

- **Balancing or Dividing? By Beijing Review.**

**ဝင်းဇင်(သုတေသန)**

# ပန်းချီဆရာကြီး ဦးအမ်တင်အေး (၁၉၂၄-၁၉၉၉) ၏ ပန်းချီကား ငွေကျပ် ၄၂ သိန်းဖြင့် လေလံအောင်မြင်



**ရန်ကုန် ဒီဇင်ဘာ ၆**

နာမည်ကျော် ပန်းချီဆရာကြီး ဦးအမ်တင်အေး (၁၉၂၄-၁၉၉၉) ၏ နားနေဆောင်အမည်ရှိ ပန်းချီကား ငွေကျပ် ၄၂ သိန်းဖြင့် လေလံအောင်မြင်သွားကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ လေလံအောင်မြင်သည့်ပန်းချီကားသည် ပန်းချီဆရာကြီး ဦးအမ်တင်အေး (၁၉၂၄-၁၉၉၉) ၏ ၁၉၇၀ ပြည့်နှစ်ခန့်က ရေးဆွဲထားခဲ့သော (၈×၁၂) လက်မ အရွယ်အစား နားနေဆောင်အမည်ရှိ ပန်းချီကားဖြစ်ကြောင်း၊ အဆိုပါပန်းချီကားကို ZEC Art Studio & Gallery က ပန်းချီကားဝယ်ယူစုဆောင်းသူများကို နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီမှ စတင်ကာ ကြမ်းခင်းဈေး ငွေကျပ် ၁၈ သိန်းဖြင့် အွန်လိုင်းမှ လေလံတင်ခဲ့ခြင်းဖြစ်ပြီး လေလံပိတ်ချိန်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက် ည ၉ နာရီတွင် ပန်းချီကားဝယ်ယူစုဆောင်းသူ ဦးဝင်းအောင်သူက ငွေကျပ် ၄၂ သိန်းဖြင့် လေလံအောင်မြင်သွားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ပန်းချီဆရာကြီး ဦးအမ်တင်အေး ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေထဲက ရှားပါးပန်းချီကားနှစ်ကားရှိပါတယ်။ အဲဒီပန်းချီကားနှစ်ကားစလုံးက ၁၉၆၉ ခုနှစ်နဲ့ ၁၉၇၀ ပြည့်နှစ်လောက်က ရေဆေးနဲ့ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ အခုတော့ ပန်းချီကားနှစ်ကားစလုံး လေလံတင်ရောင်းချပေးပြီး ဖြစ်ပါတယ်"ဟု ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြသည်။

အွန်လိုင်းမှ လေလံတင်ရောင်းချပေးပြီးဖြစ်သည့် ပန်းချီဆရာကြီး ဦးအမ်တင်အေး(၁၉၂၄-၁၉၉၉)၏ ပန်းချီကားမှာ (၇×၁၀) လက်မ အရွယ်အစား ရွာဦးစေတီအမည်ရှိ ပန်းချီကားဖြစ်ပြီး ၁၉၆၉ ခုနှစ်က ရေဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Nobody နောက်ဆက်တွဲဇာတ်ကား ၂၀၂၃ ခုနှစ်တွင် ရိုက်ကူးရန် စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၆**

Nobody ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် စတင်ရိုက်ကူးရန် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ နောက်ဆက်တွဲဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မူလ Nobody ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လိုက်က တာဝန်ယူရေးသားပေးထားသည်။

ယူနီဗာဆယ်ကုမ္ပဏီအနေဖြင့် Nobody-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ်တွင် စတင်ရန် စီစဉ်ထားကြောင်း ထုတ်လုပ်သူများက ဒီဇင်ဘာ ၄ ရက်တွင် အတည်ပြုပြောကြားထားသည်။

လက်ရှိတွင် Nobody-2 ကို ရိုက်ကူးမည့်ဒါရိုက်တာနှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

မူလ Nobody(2021) ကို ဒါရိုက်တာ အီလျာနီရှုလာက တာဝန်ယူရိုက်ကူးခဲ့ပြီး မင်းသား ဘော့အိုဒင်ကာ့၊ အလက်ဆေးဆီရီဘယာကော့နှင့် မင်းသမီး ကော်နီနီအယ်ဆင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။KKO




# တမြေ့မြေ့မိုး ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

မဟာအပလီကေးရှင်းတွင် ထုတ်လွှင့်ပြသမည့် တမြေ့မြေ့မိုး အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာလ ပထမပတ်ကစ၍ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်က ပြောပြ၍ သိရသည်။

တမြေ့မြေ့မိုးရုပ်သံဇာတ်လမ်းတွဲကို ဇာတ်လမ်း၊ ဇာတ်ညွှန်း ထက်မြတ်နိုင်ဇင်က ရေးသားပေးထားပြီး ဒါရိုက်တာ အောင်ချမ်းလူက ပုံဖော်ရိုက်ကူးခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ မဟာအပလီကေးရှင်းကနေ ထုတ်လွှင့်ဖို့အတွက် ရိုက်ကူးတာဖြစ်ပါတယ်။




Channel K က ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ အောင်မြင်နေတဲ့ သရုပ်ဆောင် အဆိုတော် ပန်းရောင်ခြယ်လဲ ပါဝင်ပါတယ်။ ဇာတ်လမ်းကတော့ သမားရိုးကျအချစ်ဇာတ်လမ်းတော့မဟုတ်ပါဘူး။ စိတ်ဝင်စားဖို့ကောင်းတဲ့ အလှည့်အပြောင်းတွေ ပါပါတယ်"ဟု သရုပ်ဆောင် ကျော်ထက်က ပြောပြသည်။

အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အဆိုတော်နှင့် ပန်းရောင်ခြယ်နှင့်အတူ သရုပ်ဆောင် အေးချမ်းမောင်၊ ကျော်ထက်၊ ဝေဖြိုး၊ မိုးသဥ္ဇာ၊ ရဲထွဋ်စိုး၊ ကောင်းညီ့လင်း၊ ဂိုဂို စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Rise of the Beasts ဇာတ်ကား Transformers၏ မူကွဲဇာတ်ကားဖြစ်

**နယူးယောက် ဒီဇင်ဘာ ၆**

Transformers:Rise of the Beasts ဇာတ်ကားသည် Transformers ဇာတ်ကားတွဲများ၏ မူကွဲဇာတ်ကားဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Rise of the Beasts ဇာတ်ကားကို Transformers ဇာတ်ကားတွဲများ၏နောက်ဆက်တွဲဇာတ်ကားမဟုတ်ဘဲ မူကွဲဇာတ်ကားဖြစ်ကြောင်း ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက ဒီဇင်ဘာ ၄ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

Rise of the Beasts သည် Transformers: Bumblebee (2018) နောက်ပိုင်း ပထမဆုံးရိုက်ကူးခဲ့သော Transformers ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက ရိုက်ကူးပေးထားပြီး မင်းသမီး မိရှဲယို၊ မင်းသား ပီတာဒန်းကလက်နှင့် ပီတီဒေးဗစ်ဆင်တို့က အသံဖြင့် ပါဝင်ထားကြောင်း၊ အလားတူ မင်းသား အန်တိုနီရာဆိုင်း၊ မင်းသမီး ဒေါမနန်ဖစ်အက်နှင့် ကူနာလော်ရန်ပီးလက်တို့က လူအားဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO




# မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြေပုံ ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငမန်းရဲကြီးကျေးရွာအုပ်စု လွန်းလုံးပိုက်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လွန်းလုံးပိုက်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော ACME SEA ကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြေပုံမြို့နယ်အတွင်း လွန်းလုံးပိုက်ကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀၊ အမြင့်ပေ ၂၀ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ပေ ၁၅၈၄၀ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ရှစ်ပေ၊ အနံငါးပေ၊ အမြင့်ကိုးပေ Pump House တပ်ဆင်ခြင်း၊ လျှပ်စစ်မီတာတပ်ဆင်ခြင်းနှင့် ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၆၈ ဒသမ ၂၉၉ သန်းဖြင့် ACME SEA ကုမ္ပဏီက စက်တင်ဘာ ၁၅ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်ထိ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၂၆ အိမ်၊ လူ ၁၇၆၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

# SAC Chairman Prime Minister Senior General Min Aung Hlaing receives delegation of foreign economic organization JSC "Tyazhpromexport" of Russian Federation


Senior General Min Aung Hlaing receives Mr. Sergey Egorov and delegation of JSC "Tyazhpromexport" of Russian Federation.

**Nay Pyi Taw December 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this afternoon received a delegation led by Director General Mr Sergey Egorov of JSC "Tyazhpromexport", which is a foreign economic organization of the Russian Federation at the hall of the SAC Chairman Office in Nay Pyi Taw.

At the meeting, they cordially exchanged views on measures of technological cooperation of Russia in development of manufacturing iron and steel ware in Myanmar.

Also present at the meeting were Union Minister for Industry Dr Charlie Than and officials. The Director General of JSC "Tyazhpromexport" which is a foreign economic organization of the Russian Federation was accompanied by Russian Ambassador to Myanmar Mr Nikolay Listopadov.

100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting 2/2022 of Central Committee on National Tourism Development


Vice-Senior General Soe Win addresses meeting 2/2022 of Central Committee on National Tourism Development.

**Nay Pyi Taw December 6**

Central Committee on National Tourism Development held meeting 2/2022 at the Ministry of Hotels and Tourism here this afternoon, addressed by Chairman of the central committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Union ministers, Nay Pyi Taw Council member, directors general, tourism experts and officials. Chief ministers of regions and states and officials of relevant organizations took part in the meeting through video conferencing.

The Vice-Senior General said countries that were developing due to tourism faced with immense economic losses because of Covid-19 pandemic. Now those countries are trying to restore their tourism industry as infection rate is dropping. In Myanmar the infection has fallen below 1% after a 20-day continuous drop. Hence, concerted efforts must be made for rapid progress of tourism industry in accord with the latest Covid-19 preventive rules issued by the Ministry of Health. Tourism is one of the pivotal pillars of global economy, and one in every occupation is related to the industry. It has created over 320 million jobs worldwide and has contributed 10% to the global GDP. It is also the major supporter of MSMEs, according to World Tourism Federation.

Over 200 countries including Myanmar has resumed their tourism industry. The number of global tourists reached nearly 700 million during the period from January to September 2022, which is 133% higher than that of the same period last year. Moreover, the number of visitors reached 65% of the pre-Covid-19 period in 2019, according to the federation.

MSMEs that have relations with tourism are the main driving force of local economy. They are also the main supporters of the country's socio-economic development. So, cooperative efforts are required to develop MSMEs through tourism industry. MSMEs should produce high quality souvenirs for tourism development. Regions and states should organize entrepreneurs with technological aids, expertise, workshops, exhibitions, competitions. Majority of MSMEs are facing challenges in connection with capital, technology, infrastructure, skilled workers and markets. In order to develop them and to help them overcome those challenges, region and state governments, technicians, hoteliers and tourism entrepreneurs should provide necessary assistance.

As the economy of the country is aimed at people-centred, inclusive and sustainable development, it is necessary to convince local residents to participate and cooperate by giving advice to authorities in implementation of tours so that they can enjoy the benefits of tourism.

Moreover, it is important for all to cooperate for sustainable development of the tour industry and protection of the climate and natural environment while it is essential to accelerate the tasks for barrier-free tourism, which enable people of all walks of life to travel.

As Myanmar is an agro-based country, it is vital to develop new ideas and techniques for agri-based tourism, farming-based tourism and geo-tourism related to the Mount Popa, which can be studied more comprehensively along with agriculture. Neighbouring towns and villages which have potential for tourism must be implemented into tour destinations.

In implementing the systematic development of the tourism industry of Myanmar, all relevant ministries are required to cooperate for facilitation of their arrivals and returns, accommodation and food from the beginning to the end. Only then, will tourist arrivals increase and the tourism industry will be able to contribute to the social economic development of local residents. Therefore, efforts must be made for the development of domestic and inbound tourism. ***See Page 13***

# Trade camps at Myanmar-China border handle total trade volume worth US$1,684.86 million from 1 April to 25 Nov


A border trade camp with cargo trucks on Myanmar-China border.

**Nay Pyi Taw December 6**

Border trade camps along Myanmar-China border managed trade volume worth US$1,684.86 million from 1 April to 25 November in 2022-23 fiscal year, said Daw Cho Thet Mu of the Trade Policy Division of the Trade Department under the Ministry of Commerce.

In the work process, Muse border trade zone handled US$1,410 million worth of trade volume, Lweje $81 million, Chinshwehaw $137.77 million, Kanpaiti $50.69 million, Kengtung $5 million totalling $1,684.46 million during the period.

"During the eight-month period this fiscal year, the trade volume worth US$1,684.86 million increased $30 million more than the same period of last fiscal year. As border trade process along Myanmar-China border is allowed to use the US$, yuan and kyat payment, traders have smooth process," said Daw Cho Thet Mu.

A border trade zone is opened in Muse and border trade camps in Lweje Kanpaiti, Chinshwehaw and Kengtung along Myanmar-China border areas.

ASH

# More than 960 water birds of 19 species inhabit at Indawgyi Lake

**Yangon December 6**

More than 960 water birds of 19 species including rare migratory birds take habitation at hibernation at Indawgyi Lake of Mohnyin District in Kachin State.

Currently, some 200 Whimbrel birds, more than 30 Asian Openbill birds, some 20 little ringed plover birds, some 90 Common coots, some 200 seagull brown heads, some 90 seagull black heads, some 150 tufted ducks, five Common cranes, 10 black-bellied herons, 100 Whiskered terns and other water birds can be seen at the Indawgyi Lake. More than 3,200 domestic birds from 20 species including little equal heron, Eurasian Curlew, common moorhen, Grey-headed Swamphen and other birds inhabit at the lake.

With regard to arrivals of migratory birds at the lake, Warden of Indawgyi Wildlife Sanctuary U Maung Win said, "More than 970 water birds from 19 species have arrived at the lake this year, in comparison with 970 water birds in 20 species in the corresponding period of last year. We held the welcome to migratory birds last month by erecting the signboards for the people to conserve these bird species but hunting them. In coming December, we have planned to raise the public awareness to protect these birds at the lake to inhabit and help them return home safely. As the government strives for conservation of bird species at the Indawgyi Lake for development of ecotourism services, inhabitation of migratory birds at the lake will be attractive to local and foreign tourists. Not only the Forest Department alone but local people needs to take responsibilities for conservation of migratory birds and wildlife animals at the lake as part of efforts for the local people to earn incomes from the ecotourism services. We collect data about water birds, forest birds and fish species in monitoring the lake and conduct the quality test and depth measurement of the lake in cooperation with the Environmental Conservation Department once three months."

The Indawgyi Lake is famous for fascinates site for local travellers with water surface views with the hills and forests in the background. It is home to more than 20,000 migratory birds and domestic bird species including 10 endangered bird species in the world, critical endangered species of turtles, fish species, crocodiles and many species of fish. It is a wetland which is famous among the foreign tourists and bird watchers.

In accord with the motto of this year for the migratory birds, "Dim the Lights for Birds at Night!", the public campaign was conducted on 10 October this year at the wetlands and Indawgyi lakes not to harm flying of migratory birds in lighting at night.

Ko Ko Kyaw

# Sesame, gram resume marketable in Mandalay bean and sesame market

**Mandalay December 6**

Sesame and gram are marketable with getting good prices in Mandalay market, said U Set Maung Swe, secretary of Mandalay Merchants, Millers Maha Kahteindaw Association (Mandalay Brokerage).

Among beans, maize and sesame items, sesames and grams were dull in the market. At present, they get good prices in the market.

"Sesames and grams did not get good prices last week. Now, brokers purchased these items in the market due to active moves of the market, he added.

In the market, white sesame was sold at K240,000 per bag, black sesame K220,000 and brown sesame K190,000 on 28 November.

On 5 December, while sesame was traded at K245,000 per bag, black sesame K265,000 and brown sesame K200,000. These bags bear three baskets of seeds.

Due to dull market activities in Mandalay, brown sesame was sold at K180,000 per bag and black sesame K235,000 per bag in the Mandalay market on 28 November.

On 5 December, the Mandalay market managed K200,000 per bag of brown sesame and K265,000 per bag of black sesame. 184

*From Page 12*

The tourism industry has recovered since this dry season and tourism markets must be developed aiming mainly at friendly countries that are in good relations with Myanmar and neighbouring countries. Unique tourism products and services must be made known to the international tourism community via the digital platform. It is necessary to inform and attract foreign tourists comprehensively through the Myanmar embassies in relevant countries. Facilitation and safety of tours by promoting domestic and foreign tourists through invitation play an important role. It is especially necessary to take measures to develop different types of tourism, which can create multiple benefits, to make progress for the Myanmar tourism industry in the international market, to promote tourism products through innovation and to accelerate the recovery of tourism markets. To do so, it is important for central committee members, relevant ministries, responsible officials from states and regions, the Myanmar Tourism Federation and the partner associations.

In making efforts for the resurgence of Myanmar tourism and to promote the image of the country through tourism, all members of the tourism development central committee are urged to cooperate and all representative participants are required to give suggestions frankly.

Then, Central Committee Vice Chairman Union Minister for Hotels and Tourism Dr Htay Aung reported on tourism related activities.

Afterwards, the joint secretary of the central committee director general of the Directorate of Tourism reported on implementation of the decisions of the central committee meeting (1/2022) and the restructuring of the tourism working committee and state and regional committees and sought the approval of the central committee.

Then, members of the central committee union ministers, chief ministers of states and regions, private tourism organizations and tourism experts and officials reported on relevant sectors.

Afterwards, the Vice Senior General coordinated the reports submitted and the meeting concluded with remarks by the Vice Senior General. 100

# Schoolgirl killed in knife attack in Germany




**Berlin December 6**

A 14-year-old girl has died and another, aged 13, has been seriously injured after they were attacked by a man with a knife while walking to school in southern Germany.

Police say the suspect came out of a refugee shelter in the village of Illerkirchberg on Monday morning and attacked the pupils.

The older girl later died in hospital.

German police arrested a 27-year-old man, who they said was an asylum seeker from Eritrea.

The 13-year-old girl suffered serious knife wounds but reports said her life was not in danger.

The man had fled to the refugee shelter after the stabbing and police said they had found him with a knife thought to have been used in the attack.

The suspect was taken to hospital with serious wounds, thought to have been caused by the knife, and he was later questioned by police. BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ရုရှား၏လုံခြုံရေးတောင်းဆိုချက်များကိုဖြေရှင်းပေးသင့်ကြောင်း ပြင်သစ်သမ္မတ Macron ပြော



ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယူကရိန်းပဋိပက္ခအဆုံးသတ်ရေး စေ့စပ်ဆွေးနွေးရန်သဘောတူပါက ပြင်သစ်သမ္မတ Emmanuel Macron က အနောက်နိုင်ငံများအနေဖြင့် NATO အဖွဲ့ အင်အားတိုးချဲ့လာမှုများအပေါ် စိုးရိမ်မှုများအပါအဝင် ရုရှားနိုင်ငံလုံခြုံရေးအာမခံချက်များကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ယူကရိန်း၏ အရပ်ဘက်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးရန်ကြိုးစားနေခြင်းသည် ရုရှားသမ္မတပူတင်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်ပတ်သက်၍ မရိုးသားကြောင်း အမေရိကန်ထိပ်တန်းသံတမန်တစ်ဦးက စွပ်စွဲပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu သည် ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘီလာရုစ်သည် စစ်ပွဲအတွင်းသို့ ဝင်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန်ကိုသည် ယူကရိန်းနှင့်အနောက်နိုင်ငံများက ခြိမ်းခြောက်လာနိုင်မှုများကိုကိုးကား၍နယ်စပ်၌ ရုရှားနှင့်ပူးပေါင်းတပ်ဖွဲ့များကို ယခင်ကတည်းက တပ်ဖြန့်ချထားခဲ့သည်။

အနောက်နိုင်ငံများသည် ရုရှား၏ ပင်လယ်ရေကြောင်းမှ ရေနံစိမ်းတင်ပို့မှုအပေါ် တစ်စည်လျှင် ဒေါ်လာ ၆၀ ကန့်သတ်ချက်ဖြင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ၎င်း၏ရေနံပေါက်ဈေးကို မည်သို့တုံ့ပြန်မည်ကိုစဉ်းစားနေကြောင်း ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။ ရုရှား၏ ရေနံဈေးနှုန်းကန့်သတ်ချက်ကို အနောက်နိုင်ငံများက လက်ခံမည်မဟုတ်ကြောင်း၊ အဆိုပါကန့်သတ်ချက်သည် လေးနက်ခြင်းမရှိကြောင်းနှင့် ရုရှားနိုင်ငံသည်ယူကရိန်းကို အထူးစစ်ဆင်ရေးဆင်နွှဲနေခြင်းမှ ဟန့်တားရန်အနည်းငယ်သာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက ပြောကြားခဲ့သည်။

တိုက်ပွဲများပြင်းထန်လာမည်ကို စိုးရိမ်မှုများကြား ယူကရိန်းတောင်ပိုင်း Kherson ဒေသမှတာဝန်ရှိသူများက Dnipro မြစ်အရှေ့ဘက်ကမ်း ရုရှားသိမ်းပိုက်ထားသောနယ်မြေများမှ အရပ်သားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

ရုရှားနိုင်ငံသည် Donetsk ဒေသရှိ Bakhmut မြို့ကို မြောက်ဘက်နှင့်တောင်ဘက်သို့ နည်းဗျူဟာမြောက်တိုးတက်မှုများဖြင့် သိမ်းပိုက်နိုင်ရေးကြိုးစားနေကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Ukraine conflict – day 284: Macron says West should address Russia security demands in peace talks ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်လွှတ်တော်က ဘတ်ဂျက်ဥပဒေကြမ်းကို သဘောမတူပါက ယူကရိန်းကိုပေးပို့သည့်အကူအညီများ ရပ်တန့်နိုင်ဖွယ်ရှိ

အမေရိကန်လွှတ်တော်က ကာကွယ်ရေးအစီအစဉ်များနှင့် အခြားအစိုးရလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် တစ်နှစ်တာရန်ပုံငွေပေးအပ်ရန် သဘောတူညီမှုမရှိပါက ယူကရိန်းအား အကူအညီများပေးအပ်ခြင်းကို ရပ်တန့်ရန် ဖိအားပေးခံရနိုင်ဖွယ်ရှိသည်ဟု အမေရိကန်မီဒီယာများက ဒီဇင်ဘာ ၄ ရက်တွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာလနှောင်းပိုင်းတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin သည် အခြားရပ်တန့်မှုဆုံးဖြတ်ချက်အစား Omnibus ဟု လူသိများသော တစ်နှစ်ပြည့်လျှာထားမှုဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ကို တိုက်တွန်းခဲ့သည်။ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှုများနှင့် တရုတ်နိုင်ငံကို ယှဉ်ပြိုင်ရန်အတွက် ရေရှည်သင့်လျော်သော ဥပဒေကြမ်းတစ်ရပ်လိုအပ်ကြောင်း Austin က ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်သည်တစ်နှစ်တာ ပတ်လုံးငွေကြေးသုံးစွဲမှုဥပဒေကို အတည်ပြုရန်ပျက်ကွက်ပါက အမေရိကန်တွင် ရင်ဆိုင်ရမည့် ဆိုးရွားသောအကျိုးဆက်များ တွေ့ကြုံမည့်စာရင်းကို ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရေးဆွဲခဲ့ကြောင်း သိရသည်။ အကြီးတန်းကာကွယ်ရေးဌာနအရာရှိများနှင့် ဌာနတွင်းစာရွက်စာတမ်းများကိုကိုးကား၍ အမေရိကန်သမ္မတ Joe Biden ၏ ဘတ်ဂျက်အဆိုပြုချက်နှင့်နှိုင်းယှဉ်ပါက တစ်နှစ်တာဆက်တိုက်ဘတ်ဂျက်ရေးဆွဲထားမှုတွင် ကာကွယ်ရေးရန်ပုံငွေကို ဒေါ်လာ ၂၉ ဘီလီယံ သို့မဟုတ် ၃ ဒသမ ၇ ရာခိုင်နှုန်း ဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပင်တဂွန်သည် ရေတိုအသုံးစရိတ်ငွေတောင်းခံလွှာများကို လည်ပတ်လုပ်ဆောင်ခြင်းအတွက် အထူးအဆန်းမဟုတ်သော်လည်း နှစ်ကာလကြာအောင်ရေးဆွဲဖြေရှင်းခြင်းသည် ၎င်း၏ ပရိုဂရမ်များအတွက် ပြဿနာများစွာဖြင့် အနှောင့်အယှက်ဖြစ်လာနိုင်စေသည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ အခြေခံအသုံးစရိတ်မှ အရင်းအမြစ်ဖြစ်သည့်ယူကရိန်းကို စစ်ဘက်ဆိုင်ရာအကူအညီများရပ်ဆိုင်းသွားနိုင်မည့် ရေရှည်စဉ်ဆက်မပြတ် ဘတ်ဂျက်သုံးစွဲမှုအပေါ် ဆုံးဖြတ်ချက်ချမည်ကို အကြီးတန်းကာကွယ်ရေးအရာရှိများက စိုးရိမ်နေကြကြောင်း သိရသည်။

ရန်ပုံငွေအများစုသည် ယာယီနည်းလမ်း (stopgap) ဖြေရှင်းမှုတွင်ထည့်သွင်းနိုင်သည့် နောက်ထပ်ရန်ပုံငွေဥပဒေကြမ်းများမှလာသော်လည်း ဥပဒေပြုအမတ်များသည် ရန်ပုံငွေဆိုင်ရာဥပဒေကြမ်းသို့မဟုတ် ယူကရိန်းသို့ ထောက်ပံ့ရေးဆိုင်ရာဥပဒေများကို သဘောတူရန်ပျက်ကွက်ပါက ပင်တဂွန်စစ်ဌာနချုပ်သည် နွေဦးရာသီတွင် ယူကရိန်းအတွက် ပံ့ပိုးငွေပြတ်သွားလိမ့်မည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ကွပ်ကဲရေးမှူး Michael Mc Cord က အမေရိကန်မီဒီယာသို့ ပြောကြားခဲ့သည်။




ကွန်ဂရက်လွှတ်တော်မှ Omnibus ရန်ပုံငွေဥပဒေအသစ် သို့မဟုတ် နောက်ထပ်ဆက်လက်ဖြေရှင်းမှုမရှိပါက အစိုးရအနေဖြင့် ပိတ်သိမ်းရန်ထပ်မံအန္တရာယ်ပြုကြုံလာနိုင်မည့်ဆုံးဖြတ်ချက်သည် ဒီဇင်ဘာ ၁၆ ရက်ထိဖြစ်ပြီး ၎င်းနေ့မတိုင်မီ အစိုးရကို ရန်ပုံငွေ ဆက်လက်ထောက်ပံ့ပေးဦးမည်ဖြစ်သည်။

**US May Reportedly Halt Military Aid to Ukraine If Congress Fails to Agree on Budget Bill ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက HIMARS MLRS များကိုပစ်ချရန် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဆော့ဖ်ဝဲသစ်များဖြင့် အဆင့်မြှင့်တင်ခဲ့



ရုရှားသည် HIMARS MLRS ပဲ့ထိန်း ဒုံးကျည်များကိုပစ်ချရန် ရုရှားလေကြောင်းရန်ကာကွယ်ရေးစနစ် ဆော့ဖ်ဝဲသစ်များကိုအဆင့်မြှင့်တင်ခဲ့ကြောင်း ရုရှားစစ်ဘက်၏ သတင်းရင်းမြစ်ကိုကိုးကား၍ သိရသည်။

အမေရိကန်က ပံ့ပိုးခဲ့သည့် M142 HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များသည် အလားတူ ရုရှားထုတ် ဒုံးကျည်ပစ်လွှတ်သည့်စနစ်များထက် နည်းဗျူဟာပိုင်းအရ အားသာချက်ကို ပိုင်ဆိုင်ထားခြင်းကြောင့် တိုက်ပွဲလမ်းကြောင်းကို လုံးဝပြောင်းလဲစေခဲ့သည်ဟု ယူကရိန်းစစ်ဘက်မှ သတင်းအချက်အလက်များကို ကိုးကား၍ သိရှိခဲ့ရသည်။

အမေရိကန် HIMARS MLRS သည် ရုရှားတပ်များကို ကီလိုမီတာ ၈၀ အကွာအဝေးထိ ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် ဖြစ်နိုင်ခြေရှိပြီး ပဲ့ထိန်းဒုံးကျည်များ အသုံးပြုခြင်းကြောင့် ပိုမိုတိကျမှုရှိသည်။ ယူကရိန်းသည် M31-A1 ပဲ့ထိန်းဒုံးကျည်၏နောက်ဆုံးမျိုးဆက်သစ်ခဲယမ်းကိုလည်း လက်ခံရရှိခဲ့သည်။

M31A1 GMLRS ကို ထရပ်ကားကိုယ်ထည်ပေါ်အခြေခံ၍ HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များအပြင် ချိန်းတပ် အောက်ခံကိုယ်ထည်အပေါ် အခြေခံ၍ M270 အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ဖြင့်လည်း ပစ်ခတ်နိုင်သည်။ အဆိုပါစနစ်နှစ်ခုစလုံးကို အမေရိကန်နှင့်ဥရောပနိုင်ငံများက ယူကရိန်းစစ်ဘက်သို့ ပေးပို့ထားပြီးလည်းဖြစ်သည်။

HIMARS MLRS များသည် ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလာခဲ့ပြီးနောက် ၎င်းစနစ်မှပစ်ခတ်သော ဒုံးကျည်များတွင်အသုံးပြုထားသည့်နည်းပညာကို လေ့လာရန် ရုရှားနိုင်ငံက သုတေသနအစီအစဉ်တစ်ခုကို စတင်ခဲ့သည်။

ယခုအခါ ရုရှားစစ်ဘက်သည် HIMARS MLRS ပဲ့ထိန်းဒုံးကျည်များကိုရှာဖွေထောက်လှမ်းနိုင်ပြီး တိုက်ခိုက်ဖျက်ဆီးနိုင်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များရှိ ဆော့ဖ်ဝဲပိုင်းဆိုင်ရာများတွင် အဆင့်မြှင့်တင်ထားခဲ့သည်။ ယနေ့ထိ အဆိုပါအဆင့်မြှင့်တင်မှုများကို ရုရှားစစ်ဘက်တိုက်ခိုက်ရေးလက်နက်စနစ်များတွင် အမှန်တကယ်ထည့်သွင်းထားခြင်း ရှိ၊ မရှိအတည်ပြုနိုင်ခြင်းတော့မရှိပေ။ သို့သော် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ မကြာသေးမီရက်များအတွင်း ရုရှားစစ်ဘက်၏လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ယူကရိန်းတို့ ပစ်လွှတ်တိုက်ခိုက်ခဲ့သော HIMARS MLRS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များမှ ပဲ့ထိန်းဒုံးကျည် ၁၀ စင်းကိုပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

**Russia upgrades its air defense systems to destroy HIMARS MLRS using new software ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ခနုဖြူမြို့နယ်တွင် ဆောင်းသီးနှံနေကြာ ၂၅၄၂၄ ဧက လျာထားစိုက်ပျိုးမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ခနုဖြူ ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခနုဖြူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ နေကြာကို ဒီဇင်ဘာလပထမပတ်မှစ၍ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဆီထွက်သီးနှံ နေကြာများ လျာထားချက်ပြည့်မီစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေများထိ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဆီထွက်သီးနှံနေကြာတွေကို ဒီလထဲမှာ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနှစ် ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧက ထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ နေကြာသီးနှံတွေစိုက်ပျိုးရာမှာ တောင်သူတွေအတွက် လိုအပ်တဲ့မျိုးစေ့တွေကို အခက်အခဲမရှိ ရရှိစေဖို့ ချိတ်ဆက်ကူညီပေးနေပါတယ်။ နေကြာစိုက်ပျိုးရေးနည်းပညာတွေကိုလဲ မြေပြင်ထိကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ခနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ခနုဖြူမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထုတ်လုပ်မည့် ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းညီစေရန်၊ အပင်နှင့်ရွက်ဖျက်ပိုးကျရောက်မှုမရှိစေရန်၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲတတ်စေရန် စသည့်လုပ်ငန်းများကို စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ကြိုတင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ခနုဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပန်မြို့နယ် ပန်ကောက်(ကချင်) ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဟိုပန် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်မြို့နယ် ပန်ကောက်(ကချင်)ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုများကို ဒီဇင်ဘာ ၅ ရက်က တာဝန်ရှိများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက ပန်ကောက်(ကချင်)ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်ကောက်(ကချင်) ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၇၂၆ သန်းဖြင့် ဆောင်ရွက်သည့် လမ်းအရှည် ၇ ဒသမ ၅ ဖာလုံ၊ အကျယ် ၂၆ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တင်ဒါအောင်မြင်သည့် Stable World ကုမ္ပဏီက ဇူလိုင်လပထမပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်မှုကြောင့် ကျေးရွာရှိ စိုက်ပျိုးမြေ ၃၃ ဧကမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်ပေးနေကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဆင်ပေါင်ဝဲမြို့နယ် လွန်ချီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လွန်ချီကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးနေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက လွန်ချီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကော်မတီဝင်များနှင့်အတူ စိုက်ဧက ၅၄ ဧကတွင် ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို လွန်ချီကျေးရွာအပါအဝင် ကျောက်ဆောင်စမ်း၊ ချောင်းကောက်၊ သာစည်၊ ကြာအင်းကျေးရွာငါးရွာ၌ ဆီထွက်သီးနှံ (နေကြာ)စိုက်ပျိုးဧက ၆၄၆ ဧက စိုက်ပျိုးလျက်ရှိပြီး ယခုအခါ Type ၃ အမျိုးအစားကျေးရွာဖြစ်သည့် လွန်ချီကျေးရွာ၌ နေကြာစိုက်ပျိုးမည့်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မကျီးတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်း၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဝန်ထမ်းများ နိုင်ငံရပ်ခြားအတွေ့အကြုံရရှိစေရန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ယဉ်ကျေးမှုကိုသိရှိစေရန်နှင့် ရရှိလာသော အတွေ့အကြုံ ဗဟုသုတများကိုအခြေခံ၍ မိမိတို့၏စွမ်းဆောင်ရည်များ တိုးမြှင့်လာစေရန်ရည်ရွယ်ပါကြောင်း၊ ရရှိလာသည့် အတွေ့အကြုံများကို မိမိဌာန၊ မိမိနိုင်ငံအတွက် မည်ကဲ့သို့လက်ဆင့်ကမ်းမျှဝေ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မိမိဘဝတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသား များ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ခရီးစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဖော်ဆောင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြပြီး မြန်မာနိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ အရှေ့မြောက်ပိုင်း၊ တောင်ပိုင်းတို့နှင့် လာအိုနိုင်ငံရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများသည် ဆင်တူနီးပါးဖြစ်ကြသည့်အတွက် နှစ်နိုင်ငံအကြား တိုင်းရင်းသားလူမျိုးများ၏ ဥပဒေ၊ နည်းဥပဒေတွင်ပါရှိသည့် အခွင့်အရေးနှင့်တာဝန်များ ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုနှင့် စာပေများကို အပြန်အလှန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားရေးရာယဉ်ကျေးမှုဖလှယ်ရေး ညီလာခံများကို နှစ်စဉ် မဲခေါင်ဒေသခြောက်နိုင်ငံတွင် အလှည့်ကျကျင်းပနိုင်ရေး ဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား ဝန်ကြီးအဆင့် လေ့လာရေးခရီးစဉ်များကို ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ကဲ့သို့ မဲခေါင်ဒေသရှိ အခြားနိုင်ငံများကလည်း စီမံချက်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့်သက်ဆိုင်သည့် ပွဲတော်များကိုကျင်းပရန် စသည့်အချက်များကို သဘောတူချမှတ်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အတွေ့အကြုံဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက လာအိုခရီးစဉ်သွားရောက်ရသည့် ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကံမော်ကြီးကျေးရွာ၌ကျင်းပသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာနှင့် ရေငံကြီးကျေးရွာတို့အတွက် ဆိုလာအသေးစားဓာတ်အားပေး စနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းကျေးရွာ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က စီမံကိန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ဓာတ်အားပေးစက်ရုံ မြေနေရာတွင် ပန္နက်ရိုက်ပေးကြသည်။

အဆိုပါစီမံကိန်းသည် ဆိုလာတပ်ဆင်စွမ်းအား (176KW)၊ အရန်ဒီဇယ်မီးစက် (80KW) တို့ကို တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းပြီးစီးပါက ကံမော်ကြီးကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူဦးရေ ၁၀၃၀ နှင့် ရေငံကြီးကျေးရွာရှိ အိမ်ခြေ ၃၃၀၊ လူဦးရေ ၂၁၄၆ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကံမော်ကြီးကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကံမော်ကြီးကျေးရွာမှ ကော့သောင်း-ဘုတ်ပြင်း လမ်းမကြီးသို့ ဆက်သွယ်သည့် ကျေးလက်လမ်း ကိုးမိုင်ကို အဆင့်မြှင့်တင်ဖောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကော့သောင်းမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံကာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၅) မှ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ခေတ်မီစံပြကျေးရွာ (SMART Village)အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘန်းကချွန်ကျေးရွာအုပ်စု တိုင်းဒင်ကျေးရွာ၌ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြမှုချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တိုင်းဒင်ကျေးရွာရှိ အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့အတွက် ကျေးလက်စီးပွားမြင့်မားရေး (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်နှင့် မြန်မာ့သင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သို့ ရောက်ရှိပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းကိစ္စရပ်များကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတ်မှတ်တင်ဒါလုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းမများ၊ ဘာသာရပ်အလိုက် Lab ခန်းများ၊ Simulator ခန်းများ၊ စာကြည့်တိုက်၊ Reference Room၊ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာ၊ Gym ကစားသည့်နေရာ၌ အားကစားပစ္စည်းများထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ ရေကြောင်းအရာရှိလောင်း သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ရေယာဉ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်း၏ ရေတံခါးပြုပြင်ပြီးစီးမှုနှင့် ဆက်စပ်လုပ်ငန်းများ၏ အခြေအနေ၊ ရေယာဉ်ပြင်ဆင်ရေးအလုပ်ရုံနှင့် ရေယာဉ်များ ရေပေါ်ပြင်ဆင်ရေး ပြုလုပ်နိုင်သည့်ရေကန်၏ လက်ရှိရေတံခါးများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပဲခူးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်း ဘုရားကြီးနှင့် ပဲခူးမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းဥပစိရှပ်ကောင်းမွန်ရေးအတွက် ကျောင်းစကြံလမ်းများ ပြုပြင်ခြင်း၊ ကျောင်းဝင်းအတွင်း စာသင်ဆောင် စာသင်ခန်း မျက်နှာကြက်များ ပြင်ဆင်ထိန်းသိမ်း ခြင်း၊ မြစည်းရိုးများ ပြန်လည်ပြုပြင် ဆေးသုတ်ခြင်းလုပ်ငန်းများ၊ သောက်ရေသန့်ရရှိရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများက ဘာသာရပ်၊ ဌာနအလိုက် လိုအပ်သည်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲသို့သွားရောက်၍ ရုံးဝင်းအတွင်းရှိ အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လားရှိုး) သင်တန်းကျောင်းခန်းမတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး အိပ်ဆောင်များ၊ စားရိပ်သာနှင့် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကုမ္ပဏီများက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်အား ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထိန်လင်းအောင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) | ဦးရဲထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဂ) | ဒေါ်လဲ့လဲ့အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် "(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့"အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ၇၅နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်မည့် မွန်မြတ်သောရည်ရွယ်ချက်များ အစရှိသည်တို့ကိုဖော်ညွှန်းရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့်စာမူများကို Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ ငါးမျက်နှာမှ ခုနစ်မျက်နှာထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောစာမူများကို ပြိုင်ပွဲဝင်ဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ပြည်တော်အေးသီလရှင်စာသင်တိုက်သို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်ကုန်းရတနာ့မဏ္ဍပရိယတ္တိစာသင်တိုက်၊ ပူတာအိုမြို့ရှိ မဟာဝန်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ ဟိုရင်ဘုန်းတော်ကြီးကျောင်း၊ သီရိမင်္ဂလာအုတ်ကျောင်း၊ မိုင်းကိုင်မြို့ တပ်ဦးကျောင်း၊ မိုးနဲမြို့ ဝိဇ္ဇာရီယဘုန်းတော်ကြီးကျောင်းစာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ ကျိုးမနိုးတောရကျောင်းစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဇမ္ဗူအေးပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာရှိ ရှမ်းချောင်းဇေတဝန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ ပါရမီဖြည့်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိ သဒ္ဓမ္မဇောတိကပရိယတ္တိစာသင်တိုက်၊ ဒလမြို့နယ် သမ္ဘာန်ချောင်းကျေးရွာရှိ ဇေယျသုခကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လိပ်ဥကုန်း(စံပြ)ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပညာတပ်ဦးဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့ရှိ ငွေချန်တောင်ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ ရတနာအောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ နန္ဒဝန် တပ်ဦးဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ လယ်တီမဟာသရဂုံကျောင်းတိုက်၊ ရွှေဘိုမြို့ရှိ အောင်မြေကျော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ္တမြားကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ် ဇောတိကုန်းရပ်ကွက် မဟာဇောတိပင်ဘုရားဘုန်းတော်ကြီးကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ပသာဒကျောင်းတိုက်၊ မြစ်သားမြို့နယ် ပေတောကျေးရွာ ပေတောဘုန်းတော်ကြီးကျောင်း၊ ချမ်းမြေ့ဝဏ်ရည်မြင့်မြင့်ခင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက် မဟာဝိဇိတာရာမကျောင်းတိုက် ကံသာကျောင်း၊ မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ ပေတောကျောင်းတိုက်၊ ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ပေကုန်းကျေးရွာ ပေကုန်းကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၊ မတ္တရာမြို့ အင်ကြင်းမြိုင်ကျေးရွာ အောင်မြေမမ္မာမကဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ မြိုင်ညီညီဘုန်းတော်ကြီးကျောင်း၊ ငဖဲမြို့နယ် ပန်းထိမ်းအုပ်စု ညောင်ကုန်းကျေးရွာ သိမ်ကုန်းဘုန်းတော်ကြီးကျောင်း၊ ချောက်မြို့နယ် ဝိမုတ္တာရာသ(ရေစင်)တောရကျောင်းတိုက်၊ မင်းဘူးမြို့ နတ်စုတောင်သီလရှင်ကျောင်း၊ မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ သာသနာ့ဟိတကျောင်းတိုက်၊ တောင်တွင်းကြီးမြို့ ပြည်တော်အေး သီလရှင်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်နှင့် မကွေးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့်စားသောက်ဖွယ်ရာများအသီးသီးသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၉၀၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၁၀၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိ ဒေသခံပြည်သူ ၁၀၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ကျောင်းသားကျောင်းသူ ၃၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

# မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော လှေငယ်တစ်စီးကို တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၄၇ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း၌ လှေငယ်တစ်စီး စက်ပျက်မျောပါနေကြောင်းသတင်းအရ သွားရောက်ရှာဖွေရာ စက်ပျက်၍ မျောနေသည့် LONG ISLAND အမည်ရှိ လှေပေါ်ပါ လှေသား သုံးဦးနှင့် NORTIC ကုမ္ပဏီဝန်ထမ်း နှစ်ဦးတို့ကို တွေ့ရှိရသဖြင့် စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ စက်ပျက်လှေအတွက် လိုအပ်သည့် စက်ပိုင်းဆိုင်ရာပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်ခဲ့သည့် လှေပေါ်ပါ လှေသားသုံးဦးနှင့် NORTIC ကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦးတို့ကို တွေ့ရစဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ပုလောမြို့နယ် ပလမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သေနတ်ပြခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ကာ နေအိမ်အား မိုင်းခွဲဖျက်ဆီးမှု”** ခေါင်းစဉ်ဖြင့် ၇-၁၂-၂၀၂၂ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တမူးအကြမ်းဖက်အဖွဲ့၏လူမြင်ကွင်းတွင် လူမဆန်စွာသတ်ဖြတ်ခြိမ်းခြောက်မှု”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟလင်ကျေးရွာအုပ်စုရှိ လူငယ်ဘဝပြုစုပျိုးထောင်ရေးအသင်းသို့ ထောက်ပံ့ငွေများနှင့် စားသောက်ကုန်များ ပေးအပ်

**ဟိုပန် ဒီဇင်ဘာ ၆**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဟလင်ကျေးရွာအုပ်စုရှိ “လူငယ်ဘဝပြုစုပျိုးထောင်ရေးအသင်း”ခန်းမ၌မူးယစ်ဆေးဝါးဖြတ်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။




ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသနေသူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# KIAအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ် မြေနုကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီး

မြေနုကျေးရွာ အား KIAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားက မီးရှို့ဖျက်ဆီးခဲ့သည့် မြေနုကျေးရွာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆ နာရီခန့်တွင် မြေနုကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ အရောက်၌ KIAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များနှင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် မိမိဘက်မှပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးပြီး ကျေးရွာအရှေ့ဘက်သို့ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်း နေအိမ် အလုံး ၁၆၀ ရှိသည့်အနက် နေအိမ် အလုံး ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ABSDF တံဆိပ်ပါ ယူနီဖောင်းဝတ်ဆင်ထားသည့် အကြမ်းဖက်သမားအလောင်းအချို့၊ အမ် ၂၂ သေနတ်တစ်လက်၊ ၎င်းကျည် အတောင့် ၄၀၊ ကျည်အိမ် နှစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာနေ အေးအေးနှင်းသည် ၎င်းအသုံးပြုသည့် “Aye Aye Hnin” Facebook အကောင့်၊ မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နေ ဇော်ဇော်အောင်သည် ၎င်းအသုံးပြုသည့် “Zaw Zaw Aung” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်း၌ PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။





**PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို တွေ့ရစဉ်။**

အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း တစ်ထပ်အဆောက်အအုံရုံးတစ်လုံး၊အဆိုပါရုံးအတွင်း ထိန်းသိမ်းထားရှိသည့် သစ်သားဗီရို ငါးလုံး၊ သစ်သားစားပွဲ ၁၄ လုံး၊ ပလတ်စတစ်ထိုင်ခုံအလုံး ၂၀ဖိုင်တင်စင် ၂၄ စင်၊ လျှပ်စစ်မီတာတစ်လုံး၊ ရုံးသုံးတယ်လီဖုန်းတစ်လုံး၊ ရုံးသုံးစာရွက်စာတမ်းများနှင့် ဖိုင်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုသို့ နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူစီးနင်းအသုံးပြုလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိသည့် YBS ခရီးသည်တင်ယာဉ်များပေါ် အုပ်စုဖွဲ့ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများ၏ အခြေပြဇယား




**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ခရီးသွားပြည်သူများ သွားလာလှုပ်ရှားရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများက YBSခရီးသည်တင်ယာဉ်များအား မြို့နယ်အနှံ့ပြေးဆွဲပေးလျက်ရှိသကဲ့သို့ မသမာသူလူအုပ်စုများအနေဖြင့်လည်း အဆိုပါ YBSခရီးသည်တင်ယာဉ်များအား စီးနင်းအသုံးပြုသည့် ခရီးသွားပြည်သူများကို လူအုပ်စုဖွဲ့ကာ ခါးပိုက်နှိုက်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒုစရိုက်ကျူးလွန်မှုများအားသတင်းဖော်ထုတ်ခြင်း၊ စောင့်ကြည့်စုံစမ်းဖမ်းဆီးခြင်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နေ့ညမပြတ် သတင်းဖော်ထုတ်၊ စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ YBSယာဉ်များပေါ်၌ ခါးပိုက်နှိုက်မှုကျူးလွန်သူများသည် ဖြစ်မှုကျူးလွန်ပြီးနောက် YGN 3H-4879 နံပါတ်တပ်ဆင်ထားသည့် TOYOTA Probox အဖြူရောင် အငှားယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိခဲ့ရသဖြင့် ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံမီးပွိုင့်၊ ခရေပင်လမ်းနှင့် ဒညင်းကုန်းလမ်းဆုံမီးပွိုင့်တို့တွင် အဖွဲ့ငယ်များခွဲကာ သတင်းအရ စောင့်ဆိုင်းလျက်ရှိစဉ် နံနက် ၈ နာရီခွဲတွင် အဆိုပါယာဉ်အား ပြည်လမ်းနှင့် ခရေပင်လမ်းဆုံမီးပွိုင့်၌ တွေ့ရှိစစ်ဆေးရာ ယာဉ်ပေါ်မှယာဉ်မောင်းနှင်သူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၃)ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၆၄)နေ ဘိုဘိုပြည့်(ခ) ကိုပြည့် ၃၂နှစ် (ဘ)ဦးမြင့်ဦးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၁၅)ရပ်ကွက် ပဒုမ္မာလမ်းနေသူများဖြစ်သည့် ကိုကိုအောင်(ခ) ကိုအောင် ၃၂ နှစ် (ဘ)ဦးအောင်ညွန့်၊ စိုးပိုင်(ခ) ဗိုက်ပူ ၂၅ နှစ် (ဘ)ဦးစစ်ငြိမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၁၉) ရပ်ကွက် မိုင်းပွန်စော်ဘွားလမ်းနေ နိုင်မင်းဦး(ခ)ဖိုးသား ၂၁ နှစ်(ဘ) ဦးစိန်မြ၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်းကျေးရွာ ထောင်ကျော်ရပ်ကွက် ရွှေစံပယ်လမ်းနေ ပြည့်ဖြိုးကို(ခ) ကုလား ၂၈ နှစ်(ဘ)ဦးမောင်ကို၊ ရွှေပြည်သာမြို့နယ် (၁၄)ရပ်ကွက် ပန်းခြံ ၂၆ အောင်ချမ်းသာလမ်းနေ ညီညီ ၄၂ နှစ်တို့ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့သည်။

တွေ့ရှိဖမ်းဆီးရမိသူများနှင့် မော်တော်ယာဉ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ၎င်းတို့ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ရာမှရရှိခဲ့သည့် အလေးချိန် တစ်ပဲ ၄ ရွေးခန့်ရှိ မောင်းကွင်းပုံ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၈၀၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ ခြောက်ဦးသည် ကိုကိုအောင်(ခ) ကိုအောင်၏ ဦးဆောင်မှုဖြင့် YBS ယာဉ်များပေါ် သို့တက်ကာ ခရီးသွားပြည်သူများထံမှ ငွေ၊ လက်ကိုင်ဖုန်းနှင့် တန်ဖိုးရှိပစ္စည်းများကို ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ကြကြောင်း၊ ထိုသို့ ကျူးလွန်ရာတွင် ညီညီ၊ နိုင်မင်းဦး(ခ) ဖိုးသားနှင့် ပြည့်ဖြိုးကို(ခ) ကုလားတို့က လူကာပေးပြီး ကိုကိုအောင်(ခ)ကိုအောင်နှင့် စိုးပိုင်(ခ) ဗိုက်ပူတို့က ခါးပိုက်နှိုက်ယူကာ ဘိုဘိုပြည့်(ခ)ကိုပြည့် မောင်းနှင်သည့်မော်တော်ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်သူ တရားခံ ခြောက်ဦးနှင့် ကျူးလွန်ရာမှ ရရှိသည့် အလေးချိန် တစ်ပဲ ၄ ရွေးခန့်ရှိ မောင်းကွင်းပုံရွှေလက်စွပ် တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၈၀၀၀၀၊ ၎င်းတို့စီးနင်းအသုံးပြုခဲ့သည့် YGN 3H-4879 TOYOTA Probox တစ်စီးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများတားဆီးဖော်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိသည့် ခါးပိုက်နှိုက်မှုများ ပူးပေါင်းကျူးလွန်သူ တရားခံ ခြောက်ဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး ဒုစရိုက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



တရားခံ(ဝဲမှယာ)ကိုကိုအောင်(ခ)ကိုအောင်၊ စိုးပိုင်(ခ)ဗိုက်ပူ၊ ပြည့်ဖြိုးကို(ခ)ကုလား၊ နိုင်မင်းဦး(ခ)ဖိုးသား၊ ဘိုဘိုပြည့်(ခ)ကိုပြည့်၊ ညီညီ။



ဖြစ်စဉ်တွင် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။




ဖြစ်မှုကျူးလွန်ပြီး တရားခံများထွက်ပြေးတိမ်းရှောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ PDFအမည်ခံ အကြမ်းဖက်သမားများက ပေါက်ချောင်းအလယ်စုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးကိုသတ်ဖြတ်ကာ ဆရာမ လေးဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး သံဃာတော် တစ်ပါးကို သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအချို့အား လူထုအတွင်းအကြောက်တရား လွှမ်းမိုးစေရန်လည်းကောင်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ရိုးသားစွာဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်တာဝန်များထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများကို လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အတင်းအကျပ်CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများအားလည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုများအား "သူလျှို၊ သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ လည်းကောင်း၊ ငါနှင့်မတူငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဝိုက်ားဂဏာစွဲအပေါ် အခြေခံကာ PDFအမည်ခံ အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများအသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် PDFအမည်ခံ အကြမ်းဖက်သမားများသည် ပေါက်မြို့နယ် ကူးကားကျေးရွာအုပ်စု ပေါက်ချောင်း အလယ်စုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးဝင်းနိုင်အား သတ်ဖြတ်ပြီး ဆရာ သုံးဦး၊ ဆရာမ ခြောက်ဦး၊ ကျောင်းလုပ်သားတစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆိုပါကျေးရွာရှိ တေဇိန္ဒာရာမ ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒအား သတ်ဖြတ်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မွန်းလွဲ ၂ နာရီ ၂၀ မိနစ်တွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ပါ ဆရာ လေးဦး၊ ဆရာမ ခြောက်ဦး၊ ကျောင်းလုပ်သား တစ်ဦးတို့မှာ သူငယ်တန်းမှသတ္တမတန်းအထိ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိစဉ် PDFအမည်ခံ အကြမ်းဖက်သမား တစ္ဆေ(ခ)အေးငြိမ်းဖြိုးဦးဆောင်သော အင်အား ၂၀ ခန့်သည် ဆိုင်ကယ် ၁၀ စီးဖြင့် လက်နက်ကိုယ်စီကိုင်ဆောင်ရောက်ရှိလာပြီး ဆရာ၊ ဆရာမများအား CDM မလုပ်သဖြင့် ခြိမ်းခြောက်ပြောဆိုကာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့၍ ကျောင်းအုပ်ဆရာကြီးဦးဝင်းနိုင်တွင် သေနတ်ကျည်ထိမှန်ဒဏ်ရာဖြင့် အချင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ ဆရာမများဖြစ်သည့် ပေါက်မြို့နယ် အောက်တံခွန်ရပ်ကွက်နေ ဒေါ်ချမ်းမြေ့သူ ၂၈ နှစ်၊ အောင်တော်မူရပ်ကွက်နေ ဒေါ်ငွေးအိဝင်း ၂၈ နှစ်၊ ဆေးပင်ကြီးကျေးရွာနေ ဒေါ်နှင်းဆီ ၂၈ နှစ်နှင့် ဂန့်ဂေါမြို့နယ် မောက်လင်းကျေးရွာနေ ဒေါ်သီသီခိုင် ၂၃ နှစ်တို့ လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ထို့နောက် အဆိုပါ PDF အကြမ်းဖက်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပေါက်ချောင်းအလယ်စုကျေးရွာရှိ တေဇိန္ဒာရာမကျောင်းတိုက်သို့ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ သက်တော် ၆၀ နှစ် သိက္ခာတော် ၃၇ ဝါအား အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့မှုကြောင့် ဆရာတော်သည် ဖြစ်စဉ်နေရာ၌ပင် ရရှိသောဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုများကို ငါနှင့်မတူငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဝိုက်ား ဂဏာစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် PDFအမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# သက်သေထွက်ဆိုချက်အပြည့်အစုံကို သုံးသပ်ပြီးမှဆုံးဖြတ်ရပါမည်

**စိန်လှိုင်ပိုလ်**

ရတနာပုံနေ့စဉ်သတင်းစာတွင် စာရေးသူသည် လမ်းညွှန်စီရင်ထုံးများကို အကိုးအကားပြု၍ ဥပဒေပညာပေးဆောင်းပါးများ ပုံမှန်ရေးသားလျက်ရှိသည်။ ထိုသို့ရေးသားရာတွင် အချို့ဆောင်းပါးများမှာ ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်အတွက် ရေးသားခြင်းဖြစ်သော်လည်း ဆောင်းပါးတချို့မှာမူ တရားစီရင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများ သိရှိလိုက်နာရန် မိမိ၏အာဘော်မပါဘဲ စီရင်ထုံးလမ်းညွှန်ချက်များကို ရည်ညွှန်းရေးသားခဲ့ဖူးသည်။

ယခင်က ရေးသားခဲ့သော **"သက်သေခံပစ္စည်းစီမံရာတွင် တရားရေးဝန်ထမ်းများလိုက်နာရန်"** ဟူသော ဆောင်းပါးသည် သက်သေခံပစ္စည်းစီမံခြင်းကို အမိန့်နှစ်မျိုးချမှတ်ခဲ့၍ အဆင့်မြင့်ရုံးတော်က ပြင်ဆင်တည့်မတ်ခဲ့ရသော အမှုတစ်ခုအကြောင်းဖြစ်သည်။ ယခုဆောင်းပါးကိုလည်း ပြည်သူအများ ဗဟုသုတရရှိစေရန်၊ တရားရေးဝန်ထမ်းများလည်း တရားရုံးချုပ်၏ စီရင်ချက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ကြစေရန်ရည်သန်၍ ရေးသားတင်ပြပါဦးမည်။


**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ တရားလို ဦးလှဝင်းထံသို့ ဦးစိုးမြင့်က လာရောက်အကူအညီတောင်းသဖြင့် ငွေကျပ်သိန်း ၅၀၀ အား သုံးကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆိုရယူပြီး သတ်မှတ်ရက်၌ ငွေပြန်လည်တောင်းခံရာ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေသည့်အတွက် မရိုးမဖြောင့်သောသဘောဖြင့် ငွေရယူသွားသူ ဦးစိုးမြင့်အား အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်သည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှတ်-၂၂၊ ရာဇသတ်ကြီးပုဒ်မ-၄၂၀ အရ စွဲဆိုမှုတွင် တရားခံ ဦးစိုးမြင့်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ် ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ်-၁၄ ဖြင့် အမှုတွဲချေဖျက်ပေးရန် လျှောက်ထားရာ အမှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၅၆၁-က) အရ ချေဖျက်ကြောင်း အမိန့်ချမှတ်သဖြင့် တရားလို ဦးလှဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခဲ့သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက "ဦးစိုးမြင့်သည် မြို့သစ်စီမံကိန်းအတွက် လမ်းဖောက်ရန် တင်ဒါရရှိ၍ ငွေလိုသည်ဟုပြောဆိုပြီး ဦးလှဝင်းထံမှ ငွေကျပ်သိန်း ၅၀၀ ရယူသွားကြောင်း၊ ဦးလှဝင်းက မြို့တော်စည်ပင်သို့ သွားရောက်စုံစမ်းရာ မြို့သစ်စီမံကိန်းအတွက် လမ်းဖောက်ရန် တင်ဒါခေါ်ယူထားခြင်းမရှိကြောင်း၊ ဦးစိုးမြင့်က တင်ဒါလျှောက်ထားခြင်းလည်းမရှိကြောင်း သိရသည်"ဟု ထွက်ဆိုထားသည်။ မူလအမှုတွဲတွင် ဦးလှဝင်း၏ **ပြန်လှန်မေးခွန်း**ထွက်ဆိုချက်ကိုသာ ထောက်ပြ၍ **ပြန်ရှင်းမေးခွန်း** ထွက်ဆိုချက်ကို ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းမရှိကြောင်း၊ တရားလိုပြ သက်သေငါးဦးရှိသည့်အနက် တရားလို ဦးလှဝင်းတစ်ဦးတည်းကိုသာ စစ်ဆေးပြီး ကျန်တရားလိုပြသက်သေတစ်ဦးတစ်ယောက်ကိုမျှ စစ်ဆေးရခြင်းမရှိသေးကြောင်း၊ အမှုတွဲချေဖျက်ခြင်းမှာ လွန်စွာစောလွန်းနေကြောင်း လျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက "တရားလိုက စုံစမ်းရာ ဦးစိုးမြင့်ကုမ္ပဏီသည် လမ်းဖောက်ရန် တင်ဒါလျှောက်ထားခြင်းမရှိကြောင်း၊ တင်ဒါလျှောက်ထားခြင်းမရှိဘဲ ဘာကြောင့်ဒီလိုပြောပြီးငွေယူတာလဲဟုမေးရာ တရားလိုအားအာ့လိုပြောမှ ပိုက်ဆံရမှာမို့လို့ လိမ်ပြောတာ၊ မင်းကြိုက်တာလုပ်ဟု ဦးမင်းဆွေ၊ ထက်ဝေယံနှင့် ဖြိုးဝေထွန်းတို့ရှေ့တွင်ပြောကြောင်း၊ တရားလို ဦးလှဝင်း၏ အဓိကစစ်မေးချက်နှင့် ပြန်ရှင်းစစ်မေးချက်တို့အရ ပေါ်ပေါက်ကြောင်း၊ လမ်းဖောက်ရန် တင်ဒါလျှောက်ထားခြင်းမရှိဘဲ တရားလိုထံမှ ငွေကျပ်သိန်း ၅၀၀ ကို မတရားရယူရန်အကြံနှင့် မရိုးမဖြောင့်သောသဘောဖြင့် ယူဆောင်သွားသည့် ငြိစွန်းချက်များ ပေါ်ပေါက်ကြောင်း၊ အမှုချေဖျက်သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟုမဆိုနိုင်ကြောင်း" လျှောက်လဲတင်ပြခဲ့သည်။




**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွဲကိုစိစစ်ရာ မူလရုံးတရားလို ဦးလှဝင်း၏ အဓိကစစ်မေးစဉ် ထွက်ဆိုချက်တွင် "ဦးစိုးမြင့်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့် တင်ဒါရရှိထားသူဖြစ်၍ လုပ်ငန်းအတွက် ငွေကြေးလိုအပ်သောကြောင့် အကူအညီတောင်းရာ စုစုပေါင်းသိန်း ၅၀၀ တောင်း၍ ပေးအပ်ခဲ့ကြောင်း၊ မြို့တော်စည်ပင်သို့ သွားရောက်စုံစမ်းရာ တင်ဒါခေါ်ယူခြင်းမရှိကြောင်း၊ ဦးစိုးမြင့်ကလည်း တင်ဒါလျှောက်ထားခြင်းလည်းမရှိကြောင်း" ထွက်ဆိုထားသည်ကို ရုံးတော်က စိစစ်ခဲ့သည်။

တရားခံရှေ့နေက ပြန်လည်စစ်မေးရာတွင် "ဦးစိုးမြင့်သည် စီးပွားရေးလုပ်ငန်းအမှန်တကယ်လုပ်ရန်၊ အသုံးပြုရန် ငွေကြေးလိုအပ်၍ ကျွန်တော့်ထံ ငွေကြေးအကူအညီတောင်းတယ်ဆိုတာ မှန်ပါသည်။ ဦးစိုးမြင့်သည် ၎င်းအမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ကျွန်တော့်ထံမှ လှည့်ဖြား၍ငွေယူခဲ့ခြင်းမဟုတ်ဆိုက မှန်ပါသည်"ဟု ထွက်ဆိုခဲ့ပြီးနောက် **ဦးလှဝင်းအား ၎င်း၏ရှေ့နေက ထပ်မံစစ်မေးရာတွင်** "အဓိကစစ်မေးချက်တွင် မြို့သစ်စီမံကိန်းတွင် လမ်းဖောက်ရန် တင်ဒါအတွက်ဟုပြောပြီး ငွေယူသွားကြောင်း၊ စည်ပင်နှင့် အိုးအိမ်၌ စုံစမ်းရာ တင်ဒါလည်းမခေါ်၊ ဦးစိုးမြင့်ကုမ္ပဏီကလည်း လျှောက်ထားခြင်းမရှိဟု ထွက်ဆိုထားသည့်စကားနှင့် ပြန်လှန်မေးခွန်းတွင် ဦးစိုးမြင့် အမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ငွေယူခြင်းမဟုတ်ပါဟူသော စကားနှစ်ရပ်မှာ ကွဲလွဲနေ၍ ရှင်းလင်းဖြေဆိုပါဟုမေးရာ **ကျွန်တော့်ထံ ငွေလာတောင်းစဉ်က မြို့သစ်စီမံကိန်းတင်ဒါရသည်ဟုပြောဆိုပြီး ငွေများယူသွားသော်လည်း နောက်ပိုင်းစုံစမ်းရာ မြို့သစ်စီမံကိန်းတွင် တင်ဒါခေါ်ယူခြင်းလည်းမရှိ၊ တင်ဒါလျှောက်ထားခြင်းလည်းမရှိကြောင်း သိရသည်"ဟု** ရှင်းလင်းထွက်ဆိုချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

သက်သေခံဥပဒေပုဒ်မ-၁၃၈ တွင် သက်သေများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ **အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်း** ဟူ၍ အစီအစဉ်များ သတ်မှတ်ပြဋ္ဌာန်းထားသည်။ သက်သေတင်ပြသည့် အမှုသည်က ၎င်းသက်သေကို စစ်မေးခြင်းသည် အဓိကစစ်မေးခြင်း (Examination-in-chief) ဖြစ်ပြီး သက်သေအား သိသမျှအချက်အလက်အားလုံးပြည့်စုံအောင် မေးမြန်းရခြင်းဖြစ်သည်။ ပြန်လှန်စစ်မေးခြင်း (Cross-Examination) ၏ ရည်ရွယ်ချက်မှာ မူလစစ်မေးချက်တွင် ထွက်ဆိုချက်များ ယိမ်းယိုင်စေရန်နှင့် သက်သေသည် ယုံကြည်စိတ်ချရသူမဟုတ်ကြောင်း တင်ပြရန်ဖြစ်သည်။ ထပ်မံစစ်မေးခြင်း (Re-Examination) ဆိုသည်မှာ သက်သေအား ပြန်လှန်စစ်မေးစဉ် ဒွိဟဖြစ်စေမည့် အချက်အလက်များ ပေါ်ပေါက်လာသည့်အခါမှ မည်သည့်အတွက် ထွက်ဆိုရကြောင်း ရှင်းလင်းစေရန် သက်သေတင်ပြသူက နောက်ထပ်မေးမြန်းခွင့်ရခြင်းဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖွင့်ဆိုရှင်းပြခဲ့သည်။

မှုခင်းတစ်ရပ်တွင် အဓိကစစ်ဆေးခြင်းဖြင့် အမှု၏ဖြစ်ရပ်ပေါ်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးခြင်းဖြင့်လည်း သက်သေများ၏အခြေအနေမှန် ၎င်းအပေါ် ယုံကြည်ထိုက်ခြင်းရှိ၊ မရှိ စသည့်မှုတမှန်ကန်မှုကို အထောက်အကူပြုစေမည့်အချက်များ သိရှိနိုင်မည်ဖြစ်သည်။ **ထပ်မံစစ်ဆေးခွင့်ပေးခြင်းဖြင့် အမှုမှန်ကို ပိုမိုရှင်းလင်းမြင်သာစေနိုင်မည်ဖြစ်ရာ သက်သေခံဥပဒေပုဒ်မ-၁၃၈ သည် တရားမျှတမှုဖြစ်စေရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်းဖြစ်ရာ သက်သေတစ်ဦး၏ထွက်ဆိုချက်ကို သုံးသပ်ရာတွင် ထွက်ဆိုချက်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်မှသာ ပြည့်စုံမှန်ကန်နိုင်မည်ဖြစ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဦးလှဝင်းအား တရားခံရှေ့နေက ပြန်လှန်စစ်မေးစဉ် "ဦးစိုးမြင့်သည် အမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ လှည့်ဖြားငွေယူခဲ့ခြင်းမဟုတ်ဆိုလျှင် မှန်ပါသည်ဟု ထွက်ဆိုခဲ့သော်လည်း ဦးလှဝင်း၏ ရှေ့နေက ထပ်မံစစ်မေးရာတွင် မြို့သစ်စီမံကိန်းမှာ တင်ဒါရသည်ဟုပြောပြီး ငွေများယူသွားသော်လည်း မြို့သစ်စီမံကိန်းတွင် တင်ဒါခေါ်ယူခြင်းလည်းမရှိ၊ ဦးစိုးမြင့်ကုမ္ပဏီကလည်း တင်ဒါလျှောက်ထားခြင်းမရှိကြောင်း" သိရသည်ဟု ရှင်းလင်းထွက်ဆိုထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထောက်ရှုဝေဖန်ခဲ့သည်။

ဦးလှဝင်း၏ ထွက်ဆိုချက်တစ်ရပ်လုံးကို သုံးသပ်ပါက ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရန် မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားကြောင်း ထွက်ဆိုသည့် တရားလို ဦးလှဝင်း၏ စွပ်စွဲချက်ကို ပျက်ပြယ်စေနိုင်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် မူလရုံးတရားလို ဦးလှဝင်း၏ ထပ်မံစစ်ဆေးစဉ် ထွက်ဆိုသောထွက်ချက်ကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ ချက်ကွယ်ပြု၍ ဦးလှဝင်း၏ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့်အချက်ကိုသာ ထုတ်နုတ်သုံးသပ်ကာ အမှုတွဲချေဖျက်ခြင်းဖြစ်သဖြင့် အဆိုပါအမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ခဲ့သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၅၆၁-က) အရ မူလအမှုကို ချေဖျက်ပေးရန် လုပ်ပိုင်ခွင့်ကို တရားရုံးချုပ်က အလွယ်တကူကျင့်သုံးလေ့မရှိကြောင်း၊ မူလရုံးတရားလို၏ စွပ်စွဲချက်မှန်ကန်စေကာမူ မည်သည့်ပြစ်မှုမှ မြောက်နိုင်မည်မဟုတ်သော အမှုများတွင်သာ ၎င်းလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားရုံးချုပ်က အမှုတွဲကို ချေဖျက်ပေးရန်ဖြစ်ကြောင်း **ဦးအောင်လင်းပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ အမှု ၁၉၉၃ ခုနှစ်၊ မ.တ.စ စာ-၂၄၀ အမှုကို** ရည်ညွှန်းခဲ့သည်။


မူလရုံးအမှုတွင် တရားလို ဦးလှဝင်းတစ်ဦးတည်းကိုသာ စစ်ဆေးရသေးသည့်အချက်ဖြစ်ပြီး ဦးလှဝင်း၏ထွက်ဆိုချက်အရ ဦးစိုးမြင့်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် တင်ဒါရရှိခြင်းမရှိဘဲ တင်ဒါလုပ်ငန်းအတွက် ငွေလိုအပ်သည်ဟု အကြောင်းပြပြီး ဦးလှဝင်းထံမှ ငွေရရှိရန် **မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖျားကြောင်း၊ ရှေးဦးအမြင်အရ ပေါ်ပေါက်နေသဖြင့်** တရားလိုဘက် သက်သေအထောက်အထားများ တင်ပြခြင်းအပေါ် စွက်ဖက်ရန်စောလွန်းသည့်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၅၆၁-က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်မဖြစ်နိုင်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် ရာဇဝတ်ပြင်ဆင်မှုကိုခွင့်ပြုပြီး ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၂၂ ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၅၆၁-က) အရ ချေဖျက်ကြောင်း အမိန့်ချမှတ်သည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံးသည် မူလအမှုနံပါတ်ဖြင့် အမှုပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။ ရုံးတော်၏ လမ်းညွှန်ချက်ကို တရားစီရင်ရာတွင် လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဦးလှဝင်းနှင့် (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ (၂) ဦးစိုးမြင့် ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၇၆(ခ) ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

0w Kw H @

# အတ္တပုံရိပ်

ရွှေညာ(ရွာတန်းရှည်)




(၁)

အညာနေကတအားပူတော့ မိုးချုပ်ခါနီးထိ နေမထိုင်မသာဖြစ်ရတယ်။ အခုထိ အပူငွေ့တွေက တရှိန်ရှိန်ထနေတုန်း။ ည ဆယ်နာရီ၊ ဆယ့်တစ်နာရီထိ ချွေးတပြိုက်ပြိုက်နဲ့အိပ်လို့ကိုမရ။ ကိုညိုအောင်က ခေါင်းရင်းကနာရီကိုကြည့်လိုက်တယ်။ အခုမှ ရှစ်နာရီပဲရှိသေးတာ။ အိမ်ထဲမှာနေလို့မရမဲ့အတူတူ အိမ်ရှေ့ကွပ်ပျစ်ရှိရာကိုထွက်လာခဲ့တယ်။ ကွပ်ပျစ်ကြမ်းခင်းတွေက ပူနေတုန်း။ မတတ်နိုင်ဘူး ကွပ်ပျစ်ပေါ် ထိုင်ချလိုက်တယ်။ ပူလိုက်တဲ့အပူ။

"ညိုအောင်ရေ မအိပ်သေးဘူးလားကွ"

ဘကြီးသန်းက နှုတ်ဆက်ရင်း အိမ်ထဲဝင်လာတယ်။

"မအိပ်နိုင်သေးပါဘူးဘကြီးသန်းရာ။ မိုးဦးလဲကျစေချင်ပါပြီ။ ဒီလိုအပူမျိုး ကြုံတောင်မကြုံဘူးပေါင်ဗျာ။ တော်တော်ပူတယ်"

"မိုးဦးကျလို့တော့မဖြစ်သေးဘူးကွ၊ ဘုန်းကြီးပျံပွဲက လုပ်ရအုံးမှာ"

"ဘကြီးသန်းကလဲ အခုပဲ တပေါင်းလကုန်တော့မယ်။ နောက်နှစ်တပို့တွဲလလောက်ရွှေ့လို့ရရင် အေးအေးဆေးဆေး မကောင်းဘူးလားဗျ"

"အင်း အဲဒီကိစ္စလာတာပဲ။ မနက်ဖြန်နေ့လယ်တစ်နာရီမှာ အစည်းအဝေးလုပ်မယ်ကွာ။ အဲဒါလာဖြစ်အောင်လာခဲ့ဖို့ မင်းကို ဦးပဉ္ဇင်းလေးကမှာလိုက်တယ်။ ရွာထဲကလူတွေကိုတော့ ကာလသားတိုးအောင်တို့အဖွဲ့က လိုက်ဖိတ်နေတယ်"

"ကောင်းပါတယ်ဘကြီးသန်း။ အိမ်ပေါက်စေ့ဖိတ်ထားတော့ မဖိတ်လို့မလာရတာဆိုပြီး အပြစ်ပြောလို့မရတော့ဘူးပေါ့ဗျာ"

"အေးကွ။ ရွာက မညီမညွတ်နဲ့ဆိုတော့ လုပ်ရကိုင်ရတာမလွယ်ဘူး ညိုအောင်ရ"

"ဟာဗျာ ဘကြီးသန်းကလဲ ရွာကမညီညွတ်တာမဟုတ်ပါဘူး။ ဟို ဘကြည်ဆိုတဲ့ လူ့ခွစာကြောင့် ဖြစ်ဖြစ်နေရတာ။ အဲဒီဘကြည်ကိုကော ဖိတ်ခဲ့ပြီးပြီလား"

"ဖိတ်ခဲ့ပါပြီကွာ။ ကဲ . . . ကဲ သွားပြီ ညိုအောင်ရေ။ အချိန်လဲမရှိတော့ဘူး"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဘကြီးသန်း မနက်ဖြန်တော့ လာဖြစ်အောင်လာခဲ့ပါ့မယ်"

ဘကြီးသန်းလဲ ပြောပြောဆိုဆိုအိမ်ထဲကထွက်သွားတယ်။ ဘကြီးသန်းက ဘုန်းကြီးပျံပွဲအတွက် တော်တော်စိတ်ပူနေပုံရတယ်။ ဘကြီးသန်းစိတ်ပူမယ်ဆိုလဲ ပူစရာပဲ။ မနှစ်က ဘကြီးသန်းရဲ့တူ ဦးပဉ္ဇင်းလေး ဓမ္မာစရိယအောင်လို့ ဂုဏ်ပြုပူဇော်ပွဲလုပ်တာ တစ်ရွာလုံးကမောက်ကမတွေဖြစ်ခဲ့ရဖူးတယ်။

ဘကြည်ဆိုတာက ရွာကခေါ်တဲ့နာမည်။ သူ့နာမည်အရင်းက ဦးကြည်မောင်ပါ။ ရွာမှာ သာရေးနာရေး၊ ဘာသာရေးပွဲတွေရှိရင် ဘကြည်က သူလုပ်ချင်ရာလုပ်ရမှကျေနပ်တတ်တဲ့တစ်ကိုယ်ကောင်းသမား။ ဟိုတစ်လောကလဲ ရွာကကာလသားခေါင်းဆောင် တိုးဝေဆိုတဲ့ကလေးတစ်ယောက်ကို နာရေးတစ်ခုမှာ လူကြားသူကြား အော်ငေါက်လို့ အခု တိုးဝေက ဘကြည်ရှိရင်မလာတော့ဘူး။ ဘကြည်က ရွာမှာတော့ ပိုက်ဆံရှိသူဌေးလို့ ပြောလို့ရတယ်။ လယ်ကေလေးဆယ်ကျော်လဲပိုင်တယ်။ ဘယ်နေရာဖြစ်ဖြစ် သူလာရင် ရွာက ကလေးတွေကရှောင်လေ့ရှိတယ်။ မဟုတ်မခံကလေးနဲ့တွေ့တော့ မကြီးမငယ်နဲ့ စကားများရန်ဖြစ်ချင်ဖြစ်နေတတ်တာ။

(၂)

"ညိုအောင်ရေ သွားကြစို့ဟေ့"

အိမ်ရှေ့ကဘကြီးသန်းခေါ်သံကြားမှ ကျွန်တော်လဲ သောက်လက်စဆေးလိပ်တိုကို ခွက်ထဲထိုးခြေလိုက်ပြီး နာရီကိုကြည့်လိုက်မိတယ်။ အခုမှ ဆယ့်နှစ်နာရီပဲရှိသေးတာ။ ဘကြီးသန်းက ရပ်ရေးရွာရေးမှာ ဒီလိုပဲ တက်တက်ကြွကြွစိတ်အားထက်သန်တတ်သူ။ ကျွန်တော်နဲ့ ဘကြီးသန်းတို့ ဘုန်းကြီးကျောင်းကိုထွက်လာခဲ့ကြတယ်။ လူငယ်တချို့ကတော့ မနက်စောစောကတည်းကရောက်နှင့်နေကြပြီးသား။ လက်ဖက်ရည်အိုးတည်သူကတည်။ ထင်းခွဲသူကထင်းခွဲ။ သန့်ရှင်းရေးလုပ်သူကလုပ်ပေါ့။ ခဏနေတော့မှ ရွာလူကြီးနဲ့ ဦးလေးကွန့်တို့ ရောက်လာကြတယ်။ အမေမှုန်တို့မိန်းမအုပ်စုတစ်သိုက်က ဓမ္မာရုံထဲမှာ နေရာယူပြီးကြပြီ။ မကြာခင်အစည်းအဝေးကစတော့မှာ။ ကျွန်တော်တို့အချစ်တော်ကြီးဘကြည်လဲ လက်ပတ်နာရီတကားကား၊ လက်စွပ်ကြီးတယမ်းယမ်းနဲ့ပေါက်ချလာပါပြီ။ ရောက်ရောက်ချင်းပဲ-

"ကဲ . . . လူစုံရင် စမယ်ဟေ့"

ဆရာကြည် ခဏနေပါအုံးဗျ။ ကျန်တဲ့လူတွေကို ခဏစောင့်ရင်း လက်ဖက်ရည်သောက်၊ စကားပြောကြတာပေါ့ဗျာ"

ကိုကြီးထွန်းလှက ဝင်ပြောလိုက်တယ်။

"အဲဒါပြောတာပေါ့ကွာ။ အချိန်ကိုမလေးစားဘူး၊ တစ်နာရီပဲထိုးတော့မယ်"

"ဟုတ်ပါတယ် ကိုကြည်ရာ။ မအားကြလို့ ထင်ပါတယ်။ ခဏစောင့်ပေးကြတာပေါ့"

"ဟ ထွန်းလှရ မအားရအောင် ဘာအလုပ်တွေများ ရှိနေလို့လဲ။ ဒါ ကလေးကလားလုပ်နေတာမဟုတ်ဘူး။ ဘုန်းကြီးပျံကိစ္စကွ"

ကိုထွန်းလှလဲ ရှေ့ဆက်မပြောတော့။ ပြောလို့လဲရမှာမဟုတ်ဘူးဆိုတာသိပြီးသား။ တစ်နာရီထိုးပြီဆိုတော့ အစည်းအဝေးပွဲစကြတယ်။ ကျွန်တော်တို့ဆွေးနွေးပွဲမှာ ရွာလူကြီးဦးထွန်းသိန်းက ဧယင်ကျူးမင်းသမီးကို တာဝန်ယူတယ်။ ဆိုင်းတာဝန်ကိုတော့ ရွာကဆိုင်းဆရာကြီး စိန်ပေါက်ကျိုင်းက ဒါနပြုညှော်ခံပေးမယ်လို့ပြောတယ်။ ဘကြီးသန်းက ကရဝိက်။ ဘကြီးသန်းတူ ဦးပဉ္ဇင်းလေးက စံကျောင်းပြာသာဒ်။ လက်ရှိဆရာတော် ဦးကုမာရက ပင့်သံဃာတွေအတွက် လှူဒါန်းဖွယ်ရာ။ မန္တလေးမှာ ကြီးပွားချမ်းသာနေတဲ့ ရွာသားတစ်ဦးက ပရိသတ်အကျွေးအမွေးဆိုပြီး အသီးသီးတာဝန်ယူကြတယ်။ ကျန်နေတဲ့ ဇာတ်အတွက်က ရွာက စုပေါင်းစပ်ပေါင်းလုပ်ရမှာ။ အားလုံးချောချောမွေ့မွေ့ဖြစ်ပြီလို့ ထင်နေတာ။ နောက်ဆုံးကျမှ ဘကြည်နဲ့ စကားအချေအတင်ပြောရတယ်။

ကာလသားခေါင်းဆောင် တိုးဝေက ရွာလူကြီးဦးထွန်းသိန်းကို-

"ဘကြီးရေ ကျွန်တော်တို့ကာလသားအဖွဲ့ကလဲ သီးသန့်အမှတ်တရလေးဖြစ်ချင်လို့ ခြင်းအလှခတ်အဖွဲ့လေးတစ်ခုလောက်ငှားပြီး ပါဝင်ပူဇော်ချင်တယ်ဗျာ။ အဲဒါမပြောရဲလို့စောင့်နေတာ"

"ဟာ ကောင်းလိုက်တာမောင်တိုးဝေရာ။ လုပ်ရမှာပေါ့ကွ။ ဘာမပြောရဲစရာရှိလဲ"

"ကျွန်တော်ကတော့ သဘောမကျဘူးဗျ"

"ဘယ်လိုဖြစ်လို့လဲမောင်ကြည်ရဲ၊ ကလေးတွေစိတ်ကူးလေးကကောင်းပါတယ်"

"ဘယ်လိုဖြစ်ရမှာလဲလူကြီးရာ။ ဇာတ်ပွဲငှားပြီးမှတော့ ခြင်းပွဲက လိုသေးလို့လား။ အဲဒီလို တစ်မင်းတစ်မှုလုပ်ချင်လို့ကတော့ ဘယ်ရမလဲဗျ "

"ဦးလေးကြည် ကျွန်တော်တို့က တစ်မင်းတစ်မှုလုပ်တာမဟုတ်ပါဘူးခင်ဗျ။ ကာလသားအဖွဲ့တစ်ဖွဲ့လုံးရဲ့ဆန္ဒကို ကျွန်တော်က ပြောပြတာပါ။ ဇာတ်ပွဲကလဲ ဇာတ်ပွဲပေါ့ဗျာ၊ ဇာတ်ပွဲအတွက် ပါဝင်လှူဒါန်းဖို့က သီးသန့်ရှိပါတယ်ခင်ဗျ။ ခြင်းဝိုင်းထည့်မယ်ဆိုတာက ကျွန်တော်တို့ရဲ့ ချွေးနဲ့စာမုန့်ဖိုးပဲဖိုးထဲကနေ စုစပ်ခြစ်ကုတ်ပြီး ထည့်မှာပါခင်ဗျ"

ကာလသားခေါင်းဆောင်တိုးဝေက ဘကြည်ကို ရှင်းပြလိုက်ပါတယ်။

"တိုးဝေပြောတာလဲ မှန်ပါတယ်မောင်ကြည်ရာ၊ ကလေးတွေဆန္ဒရှိတဲ့အတိုင်းလုပ်ပါစေ"

"အဲလေ ခင်ဗျားတို့လုပ်ချင်သပဆို လုပ်ကြလေ။ ငကြည်တို့ကတော့ အနေသာကြီး မလာရှုံဘဲရှိတာပေါ့"

"ခင်ဗျားမလာလဲရတယ်။ ခင်ဗျားပါမှ ပွဲဖြစ်တာမဟုတ်ဘူးဗျ"

ဘကြည်ကချက်ချင်းပဲ ရွာထဲကိုပြန်သွားပါတော့တယ်။ ရွာလူကြီးတောင် တားချိန်မရလိုက်ပါဘူး။

(၃)

"ဟေး ဇာတ်ကားလာနေပြီဟေ့"

"ဇာတ်ကားရောက်လာပြီတဲ့ဟ"

ဆူညံစွာထွက်ပေါ်လာတဲ့ တစ်ရွာလုံးက ကလေးတွေရဲ့အသံက ပွဲခင်းထဲကနေ အတိုင်းသားကြားနေရရဲ့။

"ညိုအောင်ရေ ဇာတ်ကားလာနေပြီဆိုပါလား။ ဇာတ်သမားတွေစားဖို့ ထမင်းပြင်ထားကြကွာ"

"ဟုတ်ကဲ့ ဘကြီးသန်း ချက်ချင်းကြီးတော့ စားမယ်မထင်သေးဘူး။ ရေမိုးချိုးအုံးမယ်ထင်တယ်"

"ပြောလို့တော့ဘယ်ရမလဲကွ သူတို့ခရီးပန်းလာမှာ။ ဆာတဲ့သူပါရင် စားရအောင်ပြင်သာထားလိုက်"

ဇာတ်ကားက ရွာရဲ့အနောက်ထိပ်အပေါက်ကနေ အရှေ့ဘုန်းကြီးကျောင်းရောက်တဲ့ထိ တိုးလျှိုပေါက် မောင်းဝင်လာခဲ့တယ်။ အိမ်ပေါက်ဝထွက်ပြီး လက်ပြနှုတ်ဆက်ကြသူတွေနဲ့ လက်ခုပ်တီးကြိုဆိုတဲ့ကလေးတွေနဲ့ပျော်စရာကြီး။ ကားနောက်မှာတော့ ကလေးတွေက ချွေးတလုံးလုံး၊ ဖုန်တလုံးလုံးနဲ့ တစ်အုပ်တစ်မကြီးလိုက်လာခဲ့ကြတာ။ ကျွန်တော်နဲ့ ဘကြီးသန်းလဲ ဇာတ်ကားမောင်းသွားတဲ့ ဇာတ်စင်ရှိရာကို ထွက်လာခဲ့ကြတယ်။

"ကဲ . . . တူကြီး တူမလေးတို့ ထမင်းစားမယ်ဆိုလဲ စားလို့ရပြီနော်။ ရေအရင်ချိုးမယ်ဆိုလဲရတယ်"

ဘကြီးသန်းက ဇာတ်သမားတွေကို နှုတ်ဆက်နေတယ်။ တိုးဝေတို့ လူငယ်အဖွဲ့ကတော့ ကားပေါ်က ဇာတ်သေတ္တာတွေကိုအောက်ချပြီး ဇာတ်စင်ပေါ် ထမ်းတင်နေကြတယ်။

"ဟာ ကလေးတွေ လွတ်ရာကျွတ်ရာသွားဆော့ကြအုံးကွာ"

ကလေးတွေကဇာတ်စင်ပေါ် ပြေးလွှားဆော့ကစားနေကြတာ။ အချို့ကလေးတွေကဇာတ်စင်ပေါ် တက်ပြီးခုန်ချလိုက်၊ ပြန်တက်လိုက်နဲ့ ရွာလူကြီး ဦးထွန်းသိန်းလဲ မျက်စိနောက်နေပြီထင်ပါရဲ့။

"မီးဗျို့ မီး မီး မီးတဲ့"

"မီးလောင်နေလို့တဲ့ဗျို့"

"ဟ ဘယ်မှာလဲဟ ဘယ်မှာလောင်တာလဲ"

"ရွာအနောက်ပိုင်းကောက်ရိုးပုံက စလောင်တာတဲ့"

"ကိုလှအောင် အိမ်တစ်လုံးတော့ ပါသွားပြီတဲ့ဗျ"

"ဟ တိုးဝေတို့၊ သောင်းစိန်တို့ သွားကြပါအုံးဟာ"

ဘကြီးသန်းအော်သံကြားမှ တိုးဝေတို့ကာလသားတစ်သိုက် သတိဝင်လာကာ ရွာထဲကိုပြေးသွားကြလေရဲ့။ လူကြီးပိုင်းတွေလောက်ပဲပွဲခင်းထဲမှာ ကျန်ရစ်ခဲ့တော့တယ်။

"ပွဲတော့ပျက်ပြီထင်ပါရဲ့ကွာ"

ဘကြီးသန်းရဲ့ စိတ်ပျက်အားငယ်သံကြားရတော့ ကျွန်တော်တို့စိတ်မကောင်းဖြစ်ရတယ်။

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်



**နေပြည်တော် ဒီဇင်ဘာ ၆**

ယခုဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားအသုံးပြုဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Plan-NEP)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လထိ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင် သုံးခရိုင်မှ မြို့ ၁၈ မြို့နှင့် ကျေးရွာ ၄၉၆ ရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် ကျန်ရှိနေသည့် ကျေးရွာ ၇၅၉ ရွာကို လျှပ်စစ်မီးလင်းရေးရရှိအောင် ယခုဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးရန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးက ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါတင်ဒါအဆိုပြုလွှာများကို ယနေ့စတင်၍ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာများကို ဒီဇင်ဘာ ၁၉ ရက်နောက်ဆုံးထား၍ အဆိုပါရုံးသို့ ပြန်လည်တင်သွင်းကြရမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

➤ စာမျက်နှာ ၂၄မှအဆက်

(၄)

"ဆရာကြည်မဝင်နဲ့ ရမ်းသန်းမဝင်နဲ့"

"ဟ မဝင်လို့ရမလားကွ ဒါ ငါ့မြေး။ ငါ့မြေးကိုငါရအောင်ကယ်မယ်"

"ဟာကွာ ဒီလူကြီးတော့သေတော့မှာပဲ ပြောမရ ဆိုမရနဲ့"

မီးလောင်နေတဲ့အိမ်က ဘကြည်သား ကိုလှအောင်အိမ်၊ ကိုလှအောင်ကလဲ မြို့ပေါ်တက်ဈေးဝယ်နေလို့မရှိဘူး။ လောင်နေတဲ့အိမ်ထဲမှာက ဘကြည်မြေးလေးတစ်ယောက်ကျန်နေတာ။ အိမ်ကတစ်ထပ်သစ်သားအိမ်။ ထုပ်လျှောက်၊ ဒိုင်း၊ မြားတွေကျိုးကျကာ မီးစွဲလောင်နေတော့ အပြင်ထွက်လို့ကမရ။ အထဲမှာရှိတဲ့ မြေးလေးက သေသလား၊ ရှင်သလားမသိရသေး။ ဘကြည်တစ်ယောက် ဟိုပြေးဒီပြေးနဲ့ ဝင်ဖို့အပေါက်ရှာနေရှာတယ်။ ရွာသားတွေကလဲ ရေပုံးတွေ၊ သဲအိတ်တွေနဲ့ တစ်ယောက်တစ်မျိုး ဝိုင်းဝန်းငြိမ်းသတ်ကြပေမဲ့လဲ ကိုလှအောင်အိမ်လေးကတော့ ပြာပုံဘဝရောက်သွားခဲ့ရသလို မြေးတစ်ယောက်ကလဲ မီးထဲပါသွားပြီး အသက်ဆုံးရှုံးသွားခဲ့ရတယ်။ မီးက ည ရှစ်နာရီကျော်မှ ငြိမ်းသွားတယ်။ အိမ်ခြေရှစ်လုံးလဲမီးထဲပါသွားတယ်။ ရွာသားနှစ်ဦးထိခိုက်ဒဏ်ရာရကာ တစ်ဦးကိုတော့ မြို့ပေါ်ဆေးရုံတင်ထားလိုက်ရတယ်။

(၅)

ဒီနေ့ဧယင်ကျူးပြီးရင် ဆရာတော်ရဲ့ရုပ်ကလာပ်တော်ကိုနောက်ဆုံးအန္တိမအဂ္ဂိဈာပနမီးသဂြိုဟ်မဲ့နေ့ဆိုတော့ ဘုန်းကြီးကျောင်းထဲမှာကော ပွဲခင်းထဲမှာပါ ရပ်ဝေးရပ်နီးမှ တပည့်ဒကာ၊ ဒကာမတွေအားလုံး ဆရာတော်ကို လာရောက်ပူဇော်ကြတယ်။ အိမ်တိုင်းလိုလို ဧည့်သည်တွေကမပြတ်ပေမဲ့ ခါတိုင်းလိုရယ်ရယ်မောမောမပျော်ရွှင်နိုင်ကြ။ အထူးသဖြင့် ဘကြည်အိမ်မှာ လူဝင်၊ လူထွက်မတွေ့ရသလို တိတ်ဆိတ်နေတယ်။ အိမ်အဝင်ဝခြံတံခါးလဲ ပိတ်ထားတယ်။ ဘကြည်က ဆေးလိပ်ကိုမီးညှိဖွာလိုက်ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ပွဲခင်းကို လှမ်းမျှော်ကြည့်လိုက်တယ်။ ရောင်စုံလူအုပ်ကြီးကိုမြင်ရတော့ ဘကြည်တစ်ယောက်ဆွံ့အသွားခဲ့ရသလို နာကျင်ခံခက် နေမထိထိုင်မသာဖြစ်သွားရတယ်။

ပြောရရင် ယခုပျံလွန်တော်မူတဲ့ဆရာတော်က ဘကြည်ရဲ့လက်ဦးဆရာတော်။ ဘကြည်ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက သင်ပုန်းကြီး၊ ဆယ်စောင်တွဲ၊ သဂြိုဟ် အစရှိတဲ့စာတွေကို သင်ကြားပြသပေးခဲ့တဲ့ ပုဗ္ဗာစရိယဆရာပဲဖြစ်တယ်။ ဆရာတော်က တပည့်သားတွေအားလုံးထဲမှာ ဘကြည်ကိုအချစ်ဆုံး၊ မျက်နှာသာအပေးခဲ့ဆုံးလို့ ဘကြီးသန်းပြောခဲ့ဖူးတယ်။ ဒီတော့ ဆရာတော်ရဲ့ကျေးဇူးတရားတွေကို ဘကြည်သတိရအောက်မေ့နေမိမှာတော့အမှန်ပါ။ ဘကြည်ရဲ့ခြေထောက်နှစ်ချောင်းက ကွေးညွတ်ကျသွားတယ်။ ဘကြည်မရပ်တည်နိုင်တော့ပါ။ ပါးပြင်ပေါ်စီးကျလာတဲ့မျက်ရည်လေးတွေကိုသုတ်ရင်း-

"ငါမှားပြီ ငါ့အတ္တကိုရှေ့ထားမိလို့ ငါ့ဆရာအရင်းရဲ့နောက်ဆုံးခရီးမှာတောင် လိုက်ပါပို့ဆောင်ခွင့်မရပါလား၊ ခွင့်လွှတ်တော်မူပါဘုရား"

အတ္တကိုအဖော်ပြုပြီး ဘဝကိုတည်ဆောက်မယ်ဆိုရင် နောက်ဆုံး မိမိတစ်ယောက်တည်းပဲ အထီးကျန်ရစမြဲဆိုတာ ဘကြည်နားလည်သွားခဲ့ပြီလား။

(၆)

ဘုန်းကြီးပျံပွဲပြီးတဲ့နောက်ရက်မှာ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့များက ဘကြည်ကို ဖမ်းဆီးခေါ်ဆောင်သွားကြပါတယ်။ တစ်ရွာလုံးအံ့ဩတကြီးဖြစ်ကြရတယ်။ ရွာကိုမီးရှို့တဲ့အမှုကိုလဲ ဘကြည်ကိုယ်တိုင်ဝန်ခံသွားခဲ့တယ်။ အဲဒီနေ့က သူ့အိမ်မှာစာရင်းငှားအဖြစ်ခေါ်ထားတဲ့ အောင်ဘုဆိုတဲ့လူပျိုပေါက်ကောင်လေးတစ်ယောက်ကို မီးရှို့ခိုင်းခဲ့တာဖြစ်ကြောင်း ဘကြည်ကိုယ်တိုင်ဝန်ခံသွားခဲ့တယ်။ ဘုန်းကြီးပျံပွဲမဖြစ်မြောက်ဖို့ အထိတ်တလန့်ဖြစ်စေရန် ကောက်ရိုးပုံကိုပဲ မီးရှို့ပေမဲ့ ကောက်ရိုးပုံကတစ်ဆင့် ကူးစက်ကာ ရွာထဲကအိမ်ခြေများလဲပါသွားကြောင်း၊ သူ့မှာအပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုသွားခဲ့ပါတယ်။

(၇)

ဘကြည်ထောင်ကလွတ်လာတော့ ရွာမှာစာကြည့်တိုက်လေးတစ်ခုဆောက်လုပ်လှူဒါန်းပါတယ်။ စာကြည့်တိုက်ဖွင့်ပွဲနေ့မှာ ဘကြည်က ရွာသူ၊ ရွာသားတွေကို တောင်းပန်စကားပြောကြားပြီးတဲ့နောက်မှာ စာကြည့်တိုက်လှူရခြင်းရဲ့ ရည်ရွယ်ချက်ကိုလဲ အခုလို ပြောကြားခဲ့ပါတယ်။

"ကျွန်တော်ထောင်ထဲမှာနေတော့ စာအုပ်တွေဖတ်ခဲ့ရတယ်ဗျ။ စာအုပ်တွေကတော့အစုံပါပဲ။ ဘာသာရေးစာအုပ်တွေကောဆိုပါတော့ဗျာ။ စာတွေဖတ်ရင်းဖတ်ရင်းနဲ့ ဘာဖြစ်လာသလဲဆိုတော့ ငါဟာ အတ္တသမားကြီးပါလားလို့သိလာရတယ်။ အတ္တကြီးလို့လဲ ထောင်ကျခဲ့ရသလို ထောင်မကျခင်မှာလဲ မြေးလေးတစ်ယောက် အသက်ဆုံးရှုံးခဲ့ရတယ် မဟုတ်လားဗျ။ အဲ အတ္တကြီးလို့ကတော့ အဲဒီအတ္တကပဲ ကိုယ့်ကိုပြန်ဖျက်ဆီးမယ်ဆိုတာ ကျွန်တော့်ကိုသာ နမူနာယူကြပေါ့ဗျာ။ ကျွန်တော် ဒါတွေသိလာရတာ စာအုပ်တွေရဲ့ကျေးဇူးပါ။ စာတွေဖတ်ခဲ့လို့ပါ။ ဒါကြောင့် စာအုပ်တွေကို ကျွန်တော်တန်ဖိုးထားတယ်။ စာရေးတဲ့စာရေးဆရာတွေကိုလဲ လေးစားတယ်။ နောက်ပြီး ရွာကလူတွေကိုလဲ စာဖတ်စေချင်တယ်။ စာပေရဲ့တန်ဖိုးကိုလဲ သိစေချင်တယ်။ ဒါကြောင့် ဒီစာကြည့်တိုက်လေးကို လှူဒါန်းရတာဖြစ်ပါတယ်"

ဘကြည်က ရွာသားတွေမမြင်အောင် ကျပေးကာ စီးကျလာတဲ့ မျက်ရည်စလေးကို လက်နဲ့တို့သုတ်နေရှာတယ်။ သူ့ရဲ့ ငယ်ဆရာတော်ကိုပဲ သတိရလို့လား၊ မီးလောင်အသက်ဆုံးရှုံးသွားတဲ့ မြေးလေးကိုပဲ လွမ်းလို့လား၊ စာကြည့်တိုက်လေးလှူရလို့ဝမ်းသာပီတိဖြစ်လို့ကျတဲ့မျက်ရည်လားဆိုတာတော့ ဘကြည်မှပဲသိပါလိမ့်မယ်။

## အောင်ပန်းဆင့်စေ

- တိုးတက်ရာ ဘဝလမ်း
  လျှောက်လှမ်းဖို့ ပြင်ဆင်ရာ၊
  ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
  ရိုးသားစေကာ၊
  အောင်မြင်မှု ဆိုသည်မှာ
  ခက်ခဲလှ ရှိစမြဲ၊
  တရွေ့ရွေ့သာ လှမ်းလို့လျှောက်
  ရောက်လိမ့်မလွဲ။

- ဇွဲ လုံ့လ ဝီရိယတွဲလို့
  အားမာန်ခဲ ကြိုးစားလျှင်၊
  ကိုယ်လိုရာ ဘဝမျိုး
  ရရိုးအစဉ်၊
  ယုံကြည်စွာ ခရီးနှင်
  ထာဝစဉ် မှန်ကန်ရေး၊
  မကောင်းမှု ဒုစရိုက်များ
  ရှောင်ရှားစို့တွေး။

- အပြောဆို ယဉ်ကျေး၍
  အနေအေး သိမ်မွေ့ရန်၊
  အတွေးမြင် ဗဟုသုတ
  တုပရှာကြံ၊
  ကံတရားနှင့် လောကဓံ
  နိမ့်မြင့်ထန် ဘယ်သို့ကြမ်း၊
  ပိုင်းခြားကာ ဆင်ခြင်တတ်လို့
  ရင်ဆိုင်ဖြတ်သန်း။

- ပြုံးမျက်နှာ ရွှင်ရွှင်လန်းနှင့်
  စိတ်ဝမ်းက သာသည်ကို၊
  မြင်သူတကာ ချစ်ခြင်းပြ
  ပြစ်မျှမဆို၊
  အောင်မြင်မှု အထိုထို
  ဂုဏ်ပြုလို ချီးမွမ်းဖွင့်၊
  အောင်မြင်ခြင်း အပျော်လွှမ်းကာ
  အောင်ပန်းတွေဆင့်။ ။

**ကိုရွှေတောသား(ဆင်ကူး)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေှကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရုရှားနိုင်ငံ ကက်စပီယံကမ်းရိုးတန်းတွင် ဖျံကောင်ရေ ၂၅၀၀ ကျော်သေဆုံး



**မော်စကို ဒီဇင်ဘာ ၆**

ရုရှားနိုင်ငံ ဒါဂီစတန်နယ်မြေရှိ ကက်စပီယံကမ်းရိုးတန်းတွင် ဖျံကောင်ရေ ၂၅၀၀ ကျော် သေဆုံးမှုဖြစ်ပွားကာ ရေစီးနှင့်အတူမျောပါခဲ့ကြောင်း ရုရှားသဘာဝအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဖျံများသေဆုံးသည့်အကြောင်းရင်းကိုမသိရသေးဘဲ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သဘာဝအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် သေဆုံးသည်ဟု ကနဦးသုံးသပ်ထားသော်လည်း ကက်စပီယံကမ်းရိုးတန်းတွင် သဘာဝဓာတ်ငွေ့များ စိမ့်ထွက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟုလည်း ထင်မြင်ယူဆချက်များထွက်ပေါ်လျက်ရှိသည်။ ကက်စပီယံကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစင်တာမှ ဝန်ထမ်းများက သေဆုံးခဲ့သော ဖျံများအား ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုပြုလုပ်နေပြီး ရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သေဆုံးခဲ့သော ဖျံကောင်ရေ ၂၅၀၀ ကျော်အနက် ကောင်ရေ ၇၀၀ ကျော်မှာ ကမ်းခြေတွင်စုပုံနေပြီး ရေစီးနှင့်အတူ မျောပါသွားသည့် ဖျံကောင်ရေ အမြောက်အမြားရှိနေကြောင်း ကက်စပီယံကမ်းရိုးတန်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစင်တာက ထုတ်ပြန်ခဲ့သည်။

"ကက်စပီယံကမ်းရိုးတန်းမှာ ဖျံကောင်ရေ ၂၅၀၀ ကျော် အလိုအလျောက်သေဆုံးခဲ့ပါတယ်။ သေဆုံးခဲ့တဲ့ဖျံတွေကို စစ်ဆေးကြည့်နေပါတယ်။ သေဆုံးခဲ့ရတဲ့အကြောင်းရင်းကိုတော့ မဖော်ထုတ်နိုင်သေးပါဘူး။ တချို့သေဆုံးခဲ့တဲ့ ဖျံတွေဟာ လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်လောက်ကတည်းက သေဆုံးခဲ့ဟန်ရှိပါတယ်။ တစ်စုံတစ်ယောက်ကြောင့် သေဆုံးခဲ့တာမျိုးမဖြစ်နိုင်သလို ငါးဖမ်းပိုက်တွေကြောင့်သေဆုံးခဲ့တာမျိုးလဲ မဟုတ်ပါဘူး။ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ပြီး အကြောင်းရင်းမှန်ကို သိတာနဲ့ ထုတ်ပြန်ပေးသွားပါမယ်"ဟု ရုရှားသဘာဝအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# ယူကရိန်းနိုင်ငံက မိုးခေါင်ရေရှားသော အရှေ့အာဖရိကနိုင်ငံများသို့ စပါးနှင့်ဂျုံများပေးပို့

**ကီယက်ဗ် ဒီဇင်ဘာ ၆**

ယူကရိန်းနိုင်ငံက မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသော အရှေ့အာဖရိကနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအဖြစ် စပါးနှင့်ဂျုံသီးနှံများကို ပို့ဆောင်ပေးလျက်ရှိကြောင်း အီသီယိုးပီးယားနိုင်ငံဆိုင်ရာ ယူကရိန်းသံရုံးက ဒီဇင်ဘာ ၅ ရက်က ထုတ်ပြန်ထားသည်ဟု AP သတင်းဌာနက ဒီဇင်ဘာ ၅ ရက်က ရေးသားဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင်အစပျိုးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် တွေ့ကြုံခဲ့ရသော အီသီယိုးပီးယားနိုင်ငံသို့ပို့ဆောင်ရန် စပါးတန်ချိန် ၂၅၀၀၀ တင်ဆောင်လာသော သင်္ဘောသည် ဒီဇင်ဘာ ၅ ရက်တွင် အိမ်နီးချင်းနိုင်ငံဖြစ်သော ဂျီဘူတီနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစပါးတင်ပို့မှုကို ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံဆိုင်ရာ ယူကရိန်းသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

လာမည့်သီတင်းပတ်တွင်လည်း ဒုတိယသင်္ဘောတစ်စီးသည် ဂျုံတန်ချိန် ၃၀၀၀၀ တင်ဆောင်၍ အီသီယိုးပီးယားနိုင်ငံသို့ လည်းကောင်း၊ တတိယသင်္ဘောတစ်စီးမှာ ဂျုံတန်ချိန် ၂၅၀၀၀ တင်ဆောင်၍ ဆိုမားလီးယားနိုင်ငံသို့ လည်းကောင်း ဆက်လက် ပို့ဆောင်သွားမည်ဖြစ်ကြောင်း ယူကရိန်းသံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




စားနပ်ရိက္ခာအကျပ်အတည်းကြောင့် အထိခိုက်ဆုံးနိုင်ငံများဖြစ်သည့် အီသီယိုးပီးယား၊ ဆူဒန်၊ တောင်ဆူဒန်၊ ဆိုမားလီးယား၊ ကွန်ဂို၊ ကင်ညာနှင့်ယီမင်နိုင်ငံတို့သို့ စားနပ်ရိက္ခာ တင်ဆောင်သည့် သင်္ဘောအစီး ၆၀ ကျော်စေလွှတ်ကူညီသွားမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇလာဒီမာဇီလန်စကီးက ပြီးခဲ့သောလကတည်းက ကြေညာခဲ့ကြောင်း သိရသည်။

ယူကရိန်း၏ စပါးတင်ပို့မှုနှင့်ပတ်သက်၍ ယခုလက်ရှိအချိန်တွင် အီသီယိုးပီးယားနိုင်ငံက မည်သည့်မှတ်ချက်မျှ ပေးထားခြင်းမရှိသေးသော်လည်း ဩဂုတ်လက ယူကရိန်း၏သီးနှံများ အီသီယိုးပီးယားနိုင်ငံသို့ တင်ပို့ရေးနှင့်ပတ်သက်သော ကုလသမဂ္ဂအစီရင်ခံစာနှင့် ပတ်သက်၍ အီသီယိုးပီးယားဝန်ကြီးချုပ် Abiy Ahmed က ဝေဖန်မှုများပြုလုပ်ခဲ့သေးကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်တွင် ၂၀၂၃ ခုနှစ်၌ မိုးခေါင်ရေရှားမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်တွင် မိုးလေဝသခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ်၌ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်ဟု မစ်ဆူရီလယ်ယာဗျူရိုက ထုတ်ပြန်သွားခဲ့ကြောင်း BFN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်၌လည်း မစ်ဆူရီပြည်နယ်ရှိတောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များမှာ ကြီးမားသည့် စိန်ခေါ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ၂၀၂၃ ခုနှစ်၌ ရင်ဆိုင်ရဖွယ်ရှိနေသည့် မိုးခေါင်ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်နေသည်။ စိုက်ပျိုးရေး လုပ်ငန်းများအပြင် မွေးမြူရေး လုပ်ငန်းများအတွက် အဓိက အားထားနေရသည့် စားကျက်များလည်း ပျက်စီးလာဖွယ်ရှိနေသောကြောင့် မွေးမြူရေးလုပ်ငန်းများနှင့် အသားထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်း ကြီးမားသည့် အခက်အခဲဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် ပြည်နယ်ပိုင်မြေအတွင်းမှာ စားကျက်တွေ ပျက်စီးလာနိုင်သလို မွေးမြူရေး လုပ်ငန်းတွေအတွက် မြက်ခြောက်တွေ စုဆောင်းဖို့ ခက်ခဲနေတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းတွေအတွက် ရေအရင်းအမြစ်တွေ ရှာဖွေဖော်ထုတ်ပြီး စားကျက်တွေ ဖန်တီးနိုင်ဖို့လိုအပ်နေတယ်။ အဲဒီအတွက် ကျွန်တော်တို့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားရမယ်"ဟု မစ်ဆူရီပြည်နယ်ဝန်ကြီးချုပ် မိုက်ပါဆင်က ပြောကြားခဲ့သည်။

**နိုင်းဆက်**

# လေထုညစ်ညမ်းမှုက နာတာရှည်ရောဂါများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များပြော

**လန်ဒန် ဒီဇင်ဘာ ၆**

လေထုညစ်ညမ်းမှုသည် နာတာရှည်ရောဂါ ကျန်းမာရေးအခြေအနေများနှင့် ဆက်စပ်လျက်ရှိသည်ဟု အင်္ဂလန်အခြေစိုက် Kings College London စိတ်ရောဂါကုပညာ၊ စိတ်ပညာနှင့်အာရုံကြောသိပ္ပံဆိုင်ရာ သုတေသနအဖွဲ့က ဒီဇင်ဘာ ၅ ရက်က ပြောကြားထားကြောင်း Health.com သတင်းဌာနက ဒီဇင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါသုတေသနကို အင်္ဂလန်နိုင်ငံရှိ လူဦးရေ ၃၆၄၀၀၀ ကျော်ကို လေ့လာမှုအရ လေထုညစ်ညမ်းမှု၊ အမှုန်အမွှား (P.M 2.5) နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်တို့နှင့်ထိတွေ့ခြင်းသည် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်းများ တိုးလာသကဲ့သို့ စိတ်ကျန်းမာရေးအခြေအနေများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ နှလုံးသွေးကြောဆိုင်ရာ၊ အာရုံကြောဆိုင်ရာ ကျန်းမာရေးအခြေအနေများ ဆိုးရွားလာခြင်းနှင့်ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုကြောင့် အင်္ဂလန်နိုင်ငံ၌ အရွယ်ရောက်ပြီးသူ ၂၇ ရာခိုင်နှုန်းကျော်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာနှစ်ခုလုံးတွင် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုစရိတ်များတိုးလာသော်လည်း လေထုညစ်ညမ်းမှုနှင့် ၎င်းအခြေအနေများဆက်စပ်မှုအတွက် သုတေသနလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ဆောင်နိုင်မှုမရှိသေးကြောင်း Kings College London စိတ်ရောဂါကုပညာ၊စိတ်ပညာနှင့် အာရုံကြောသိပ္ပံဆိုင်ရာ သုတေသနအဖွဲ့မှ သုတေသီ Amy Ronaldson က ပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးနှင့် စောင့်ရှောက်ရေးသုတေသနဌာန၏ ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော အဆိုပါသုတေသနပြုချက်အရ လေထုညစ်ညမ်းမှုသည် တစ်ချိန်တည်းတွင် ကိုယ်တွင်းအင်္ဂါအများအပြားနှင့်စနစ်များကို မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို အပြည့်အဝနားမလည်နိုင်သေးသော်လည်း ရောင်ရမ်းမှု၊ စိတ်ဖိစီးမှုနှင့် ကိုယ်ခံအားတက်ကြွစေမှုကဲ့သို့ ခန္ဓာကိုယ်ယန္တရားများသည် ဦးနှောက်ကို ပျက်စီးစေနိုင်သော အမှုန်များကြောင့် အစပျိုးနိုင်သည်ဟူသော အထောက်အထားများကိုမူ ရရှိနေပြီဖြစ်ကြောင်း အဆိုပါသုတေသနအဖွဲ့မှ အကြီးတန်းကထိက Ioannis Bakolis က ရှင်းပြခဲ့ကြောင်း သိရသည်။

AZH

# ပလတ်စတစ်သုံးစွဲမှုဆိုင်ရာသဘောတူညီချက် စာချုပ်ချုပ်ဆိုရေး နိုင်ငံပေါင်း ၁၆၀ ကိုယ်စားလှယ်များဆွေးနွေးရာ သဘောထားကွဲလွဲ

**ပွန်တာ ဒီဇင်ဘာ ၆**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ ဥရုဂွေးနိုင်ငံ ပန်တာဒယ်အက်စတီမြို့တွင် ဒီဇင်ဘာ ၂ ရက်မှစ၍ ပလတ်စတစ်သုံးစွဲမှုဆိုင်ရာသဘောတူညီချက်စာချုပ်ချုပ်ဆိုရန်အတွက် နိုင်ငံပေါင်း ၁၆၀ မှ ကိုယ်စားလှယ် ၂၀၀၀ ကျော်ဆွေးနွေးခဲ့ရာ ကိုယ်စားလှယ်များကြား သဘောထားကွဲလွဲမှုများရှိနေကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းလက်အောက်ရှိ အစိုးရအချင်းချင်းညှိနှိုင်းရေး ကော်မတီ (INC) က ထုတ်ပြန်သွားခဲ့ကြောင်း SBS သတင်းဌာနက ဒီဇင်ဘာ ၅ ရက်က ရေးသားဖော်ပြသွားခဲ့သည်။

INC အနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးမှု ငါးကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ပထမဆုံးဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် နိုင်ငံတချို့မှ ကိုယ်စားလှယ်များက ပလတ်စတစ်သုံးစွဲမှုအား လျှော့ချနိုင်ရေးကိုလိုက်နာရန်ခက်ခဲနေသည့်အနေအထားကြောင့် ကိုယ်စားလှယ်များကြား သဘောထားကွဲလွဲမှုများရှိခဲ့ခြင်းဖြစ်သည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရုပ်ကြွင်းလောင်စာကဏ္ဍအပိုင်းမှာ အသွင်သစ်တွေပြောင်းလဲဖို့ ပြင်ဆင်နေတယ်။ ဒီနည်းအတိုင်း ပလတ်စတစ်သုံးစွဲမှုအပိုင်းမှာလဲသုံးစွဲမှု၊ ထုတ်လုပ်မှုတွေကိုလျှော့ချနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းထားပါတယ်။ ပလတ်စတစ်အမှိုက်သရိုက်တွေ ဖောင်းပွမှုမဖြစ်စေဖို့အတွက် ပလတ်စတစ်ထုတ်လုပ်မှုအပိုင်းကို လျှော့ချစေချင်ပါတယ်"ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

"ဒီစာချုပ် ချုပ်ဆိုဖို့အတွက် အပြည့်ပြည့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ဖို့လိုအပ်တယ်။ မချမှတ်နိုင်ဘူးဆိုရင်တော့ စာချုပ်ချုပ်ဆိုနိုင်ဖို့မလွယ်ပါဘူး"ဟု ဆွစ်ဇာလန်နိုင်ငံကိုယ်စားလှယ်က ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဒီဇင်ဘာ ၆**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိက ကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀၉၂၀ ဒသမ ၇၂၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၁၃၈၅ ဒသမ ၃၃၅သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၃၀၆ ဒသမ ၀၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်ကဏ္ဍအနေဖြင့် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၇၂၀ ဒသမ ၆၃၀ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၈၈ ဒသမ ၇၄၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၀၉ ဒသမ ၃၇၄သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အဆိုပါ ကာလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၈၂၀၀ ဒသမ ၀၉၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၄၉၆ ဒသမ ၅၉၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉၆ ဒသမ ၆၈၁ သန်းဖိုးဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ကာလအတွင်းတွင် ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပို့ကုန် ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ။ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# နောင်ချိုမြို့နယ် ကုန်းကြီးရွာမကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နောင်ချို ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်ချိုမြို့နယ် ကုန်းကြီးရွာမကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်း ကော်မတီဝင်များနှင့်အတူ နောင်ချိုမြို့နယ် ကုန်းကြီးရွာမ ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။



ကုန်းကြီးရွာမကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည်တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၅၅၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် The Crew ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၀၃ အိမ်၊ လူ ၁၇၃၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀၀ အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေဧကများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းထံမှ သိရသည်။ **နီလာ**

# တန့်ယန်းမြို့နယ် နမ့်မူစယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နမ့်မူစယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ နမ့်မူစယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည် တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နမ့်မူစယ်ကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၅၇ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပင်းဘောကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ပင်းဘောကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပင်းဘောကျေးရွာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ် ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့်ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို Nothern Royal City ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၃၈၅ သန်းဖြင့် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေရရှိရေးလုပ်ငန်းများပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၂၇ အိမ်၊ လူ ၃၂၀၄ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။ **ချစ်ဦးကို**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၃၇၄ ဧက စိုက်ပျိုးပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၃၇၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အာလူး ၁၉၈၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အာလူးဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၃၀၀ ကျော် စိုက်ပြီးနေပြီ။ အဓိကကတော့ အာလူးဟာ စားပိုဆောင်သီးနှံဖြစ်တဲ့အတွက် ဒေသတွင်းစားသုံးနိုင်ဖို့ စိုက်ပျိုးနေတာပါ။ အာလူးစိုက်ပျိုးတဲ့အခါ လိုအပ်တဲ့နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတွေက ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက် တောင်သူများအနေဖြင့် အာလူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် GAPစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အာလူးတစ်ဧကစိုက်ပျိုးမည်ဆိုပါ ငွေကျပ် ၈၀၀၀၀၀ နှင့် ၉၀၀၀၀၀ ကြား ကုန်ကျစရိတ်ရှိပြီး အာလူးတစ်ဧကလျှင် ပိဿာ ၃၅၀၀ နှင့် ၄၀၀၀ ထိ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)






ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# မင်္ဂလသာကစ္ဆာ (ခေါ်) မင်္ဂလာစကားဝိုင်း ထုတ်ဝေဖြန့်ချိ




ဂဏဝါစကအဖွဲ့ အဝေရာ ရာမရန်ကင်းကျောင်းတိုက်က ထုတ်ဝေသော အရှင်ဩဒါတသိရီဘိဝံသ၏ မင်္ဂလသာကစ္ဆာ (ခေါ်) မင်္ဂလာစကားဝိုင်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် အရှင်ဩဒါတသိရီဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ကျမ်းဦးနိဒါန်း၊ မင်္ဂလာစကားဝိုင်းတို့ ပါရှိပြီး အခန်း(၁)မှ အခန်း(၁၀)ထိ ခေါင်းစဉ်ခွဲအသီးသီးဖြင့် ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ ကျမ်းဦးနိဒါန်းမှ ကောက်နုတ်ဖော်ပြရလျှင် ဤမင်္ဂလသာကစ္ဆာသည် စာအုပ်ဘီရိုထဲတွင် ကိန်းအောင်းနေခဲ့ရပါသည်။ ယခုအခါ မိမိ၏အသက် ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုကြောင်း တပည့် ဂဏဝါစကစာချများက လျှောက်ထားသဖြင့် ခွင့်ပြုခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ က ရေးသားခဲ့သော စာပေအရသာကို လေ့လာအကဲခတ်ကြရလိမ့်မည်ဟု ယုံကြည်ပါသည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်အခန်း(၅) ၁၆။ ညတကသင်္ဂဟမင်္ဂလာမှ အလောင်းတော် ကျီးမင်းကို ဤသို့ဖတ်ရှုနိုင်သည်။ **အလောင်းတော်ကျီးမင်း** နောက်တစ်ခုရှိသေးတယ် ဘုရား အလောင်းတော် ကျီးဘဝမှာ ဖြစ်ရစဉ်က ပုဏ္ဏားတစ်ယောက်နန်းတော်ကိုအလာ မြို့တံခါးအထွက်မှာ ကျီးတစ်ကောင်က ပုဏ္ဏားအပေါ် မစင်စွန့်ချလိုက်တယ်။ အဲဒါကို ပုဏ္ဏားက အလွန်စိတ်ဆိုးတယ်။ တစ်နေ့မှာ ဒီကျီးတွေကို လက်စားချေမယ်လို့ ကြိမ်းထားတယ်။ တစ်နေ့တော့ ဘုရင့်ဆင်တွေမှာ အနာပေါက်တယ်။ ဘုရင်က ဒီဆင်တွေရဲ့ အနာပျောက်အောင် ဘယ်လိုလုပ်ရမလဲလို့ ပုဏ္ဏားကိုတိုင်ပင်တော့ ပုဏ္ဏားက ဒီတစ်ခါတော့ ကျီးတွေကိုသုတ်သင်ဖို့ အခွင့်ရပြီဆိုပြီး "မှန်ပါ၊ ကျီးဆီကိုလိမ်းပေးရင် ဆင်တွေရဲ့အနာ ပျောက်နိုင်ပါတယ်"လို့လျှောက်တယ်။ စာ-၁၄၈ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး ဓမ္မဒါနအဖြစ် ဖြန့်ချိကြောင်း သိရသည်။

# လွမ်းစရာ့ကမ္ဘာ (ရသအက်ဆေးများ) ပုံနှိပ်ထုတ်ဝေ




ဇလပ်နီစာပေက ထုတ်ဝေသော စံပယ်ဖြူနု၏ လွမ်းစရာ့ကမ္ဘာ(ရသအက်ဆေးများ)စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်တွင် စာဖတ်သူသို့ အမှတ်တရစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဥပမာဆိုပါစို့ရဲ့။ ကျွန်မအနီးမှာ အခုနေ အတူရှိတဲ့ လေးနှစ်အရွယ်သမီးငယ်ကိုတောင်ပဲ အတူရှိပါရဲ့နဲ့ ကျွန်မကလွမ်းမိတယ်။ သူ့ဒီထက်ငယ်ရွယ်တုန်းက အချိန်တွေကို လွမ်းမယ်၊ သူတနေ့ အရွယ်ရောက် ကြီးပြင်းလာချိန် အတောင်နုနုလေးတွေ ဆန့်ထုတ်ပြီး အဝေးကိုပျံသန်းသွားတဲ့အခါ ငေးမျှော်ကျန်ရစ်ခဲ့ရမယ့် နာရီတွေကို ကြိုလွမ်းမယ်။ လွမ်းဆွတ်ခြင်းမှာ အချိန်ကာလကန့်သတ်မှုမရှိ. . . စသည်ဖြင့်ပါရှိသည်။

ယခုစာအုပ်တွင် လွမ်းစရာ့ကမ္ဘာ၊ အလွမ်းစာ၊ ဗီဇဝါပွင့်တွေ၊ ရွက်ကြွေ၊ အိမ်ရှေ့ကရေချမ်းစင်၊ အဝေးကမိုးတိမ်၊ ရုပ်ရှင်ကြည့်ခြင်း၊ ပျောက်ရှခဲ့ခြင်းများ၊ လဝိန်ဂျာနူးမိုင်၊ သို့ . . . အလွမ်းဆိုင်၊ အစိမ်းနုနုမျက်လုံးလေးတွေ၊ ရောင်စုံဘောလုံးလေးတွေ၊ ကြက်ဥမှတ်တမ်း၊ ဂျူစေ့ကလေးတွေ ဟူသည့်ရသအက်ဆေး ၁၄ ပုဒ်ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ အိမ်ရှေ့က ရေချမ်းစင် မှ ကောက်နုတ်ဖော်ပြရလျှင် တခုသောနွေတွင် ကျွန်မအိမ်ပြန်တော့ အိမ်ရှေ့ကသစ်ပင်ရိပ်မှာ ရေချမ်းစင်လေးရှိနှင့်နေတာ တွေ့ရလေသည်။ အဖေ့ရေချမ်းစင်. . .။ မြေရေအိုးမှာ ရေသားဝနေပြီ။ ကြွေရည်သုတ်ပန်းကန်ပြား ဖုံးအုပ်လျက် လက်ကိုင်တိုတပ်အုန်းမှုတ်ခွက်နှင့်၊ ဝါးရေအိုးဖုံးနှင့်။ ရေချမ်းစင်ကတော့ အဖေ့လက်ရာပါ။ သစ်သားတိုင်၊ သစ်သားအကာနှင့်သွပ်မိုးနှင့်။ လက်သမားများလက်ရာလို သေသေသပ်သပ်တော့မဟုတ်။ သို့သော် ရေဘုံဘိုင်နားက ရေချိုး၊ အဝတ်လျှော်စရာ သစ်သားကွပ်ပျစ်ငယ်လို အဖေကိုယ်တိုင်လုပ်ကာ သုံး၍လည်း ဖြစ်သောလက်ရာမျိုး စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အညာသားကလေး ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက ပဉ္စမအကြိမ် ထုတ်ဝေသော ရန်အောင်၏ အညာသားကလေး လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် တိုးတက်ရေး သတင်းစာတွင် နေ့စဉ်ဆက်လက်ထည့်သွင်းသွားရန် ဝတ္ထုတစ်ပုဒ်ရေးမည်ဟု ကြံစည်လိုက်သည်နှင့်တစ်ပြိုင်နက် စာရေးသူသည် အနှစ် ၂၀ ခန့်နောက်သို့ ပြန်ဆုတ်ငယ်သွားသည်ဟု ထင်လိုက်ရသည်။ ငယ်စဉ်က နေခဲ့ရသည့် သာယာကြည်နူးဖွယ်ကောင်းသည့် တောရွာများ၊ ပင်ကိုရိုးသားသောစိတ်ရှိလျက် အနေအထိုင်ရိုး၊ အပြောအဆိုရိုး၊ အလုပ်အကိုင်ရိုးသော တောသူတောင်သား ဆင်းရဲသားများ၊ သနားဖွယ်ကောင်းသော တောသူတောင်သားတို့၏ဘဝဖြစ်စဉ်ဖြစ်ရပ်များ ဤသည်တို့သည် စာရေးသူ၏ စိတ်ထဲသို့ ဝင်ရောက်ပေါ်ထင်လာကြလေရာ ထိုသူတို့၏အကြောင်းကိုပင် ရေးမည်ဟုကြံလျက် ဝတ္ထုအမည်ကို 'အညာသားကလေး'ဟု ကင်ပွန်းတပ်လိုက်သည် စသည်ဖြင့် ဖော်ပြထားသည်။

ယခုဝတ္ထုဇာတ်လမ်းမှာ ထိုစဉ်က ဖော်ပြခဲ့သော တိုးတက်ရေးသတင်းစာကို စောင်ရေ နှစ်သောင်းထိ တက်သွားစေခဲ့ပြီး တစ်ဖန် တွံတေးသိန်းတန်၊ တင်တင်ညိုတို့ဖြင့် ၁၉၆၅ ခုနှစ်က ရုပ်ရှင်ရိုက်ခဲ့ရာတွင်လည်း လူကြိုက်များကာ အောင်မြင်ခဲ့သည်။ ဤအညာသားကလေးဇာတ်လမ်းမှာ မြို့ကြီးပြကြီးရောက်ကျေးတောသားနှင့် မြို့သူတို့၏ အချစ်ဇာတ်လမ်းဖြစ်သော်လည်း လှုပ်ရှားရှုန်းကန်မှုများဖြင့် သရုပ်ဖော်ထားသည်မှာ နှစ်မြိုက်ဖွယ်ဖြစ်သည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။ ငထူးသည် သရက်ပင်ထိပ်ဖျားသို့တက်ကာ သရက်သီးများကို တစ်လုံးပြီးတစ်လုံး ဆွတ်ခူးကာ အတွက်ဆီသို့ပစ်ပေးနေ၏။ "ငထူးရေ. . . ငါ့ဖို့လည်း ခူးပါဟေ့. . ." ကြည်လင်သာယာသည့် အသံကလေးကို ကြားရသဖြင့် ငထူးသည် အောက်သို့ငုံ့ကြည့်လိုက်ကာ ဝန်ထောက်ကြီး၏သမီး ကြည်ကြည်ကို မြင်ရလေသည်။ စာ-၅၀ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကောတုံတရာဇ် သို့မဟုတ် ရေအောက်မြို့တော် ပုံနှိပ်ထုတ်ဝေ





ပြည်မြန်မာစာပေက ထုတ်ဝေသော ဖိုးကျော့၏ ကောတုံတရာဇ် သို့မဟုတ် ရေအောက်မြို့တော် လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စိတ်ဝင်စားဖွယ်ဖြစ်ရပ်များပါဝင်နေပြီး စာရေးသူတစ်ယောက်၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုတွင် ဒဏ္ဍာရီတို့သည် သမိုင်းဇာတ်ကြောင်းတို့နှင့် ယှက်နွယ်နေသလို သမိုင်းဇာတ်ကြောင်းတို့က တကယ့်ဖြစ်ရပ်မှန်နှင့် ဆက်စပ်သွားတတ်ပုံကိုတွေ့နိုင်ကာ သက်ရှိဇာတ်ကောင်များအဖြစ် စာဖတ်သူတို့စိတ်အာရုံဝယ် ထင်မြင်လာအောင် ချစ်ခင်သနားစာနာအောင် စာရေးသူက ကြိုးပမ်းအားထုတ်ထားကြောင်း တွေ့နိုင်သည်။

ယခုစာအုပ်တွင် စာရေးသူပြောလိုသော အချက်တစ်ခုကို သိသာထင်ရှားစွာ ရေးသားဖော်ပြထားသည်။ ရှုပါ။ မင်းယောကျ်ားများ ထက်ပင် အစွမ်းထက်ကာ ပြသနိုင်ကြသော မိန်းမပညာသည်များကလည်း ထဘီခြုံလိုက်သည်နှင့် ခွေး၊ ကြောင်အဖြစ်လည်းကောင်း၊ ဥဗျိုင်း၊ လင်းဆွဲများအဖြစ်လည်းကောင်း နေ့ခင်းကြောင်တောင်၌ပင် မိုးပေါ်ပျံပြလာနိုင်ကြသည်။ ထိုအခါ ယောကျ်ားပညာသည် မှော်ဆရာများကလည်း မိုးပေါ်ပျံနေကြသော ဥဗျိုင်း၊ လင်းဆွဲ၊ ကဝေရုပ်များကို သိမ်းငှက်၊ စွန်ရဲအဖြစ် ထိုးဆိတ်ကိုက်ခဲသတ်ပုတ်ကြပြန်သည်။ ထိုအခါ မိန်းမသူ ကဝေမကြီးများကလည်း သိမ်းငှက်၊ စွန်ရဲတို့မထိုးမဆိတ်ရဲသော ငှက်လင်းတကြီးများအသွင်သို့ ပြောင်းကာ အစွမ်းပြကြပြန်သည်။ ထို့ကြောင့်လည်း တိရစ္ဆာန်သိမ်းငှက်၊ စွန်ရဲများ သူတို့ဘာသာဘာဝ ပျော်မြူးထိုးဆိတ်နေကြသည်ကိုပင် ကလေးများက- "ကြည့်ကြဟေ့၊ ကြည့်ကြကြည့်ကြ၊ ဟိုမိုးပေါ်မှာ မှော်ဆရာကြီးတွေနဲ့ စုန်းကဝေမကြီးတွေ အစွမ်းပြိုင်နေကြပြီ"ဟု ပြောလာကြလောက်အောင်ပင် လောကီပညာစွမ်းတွေကလည်း ထက်မြက်လာသည်။ စာ-၁၉၀၊ ၁၉၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# သပြေကန်နိယံအဖြေ ထုတ်ဝေဖြန့်ချိ




ဓမ္မအနုပညာစာပေက ထုတ်ဝေသော မန္တလေးမြို့ အဝေရာရာမရန်ကင်းကျောင်းတိုက် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ ရေးသားပြုစုသော သပြေကန်နိယံ အဖြေ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် အမြော်အမြင်ကြီးမားသော ဆရာတော်ကြီးများ၏ အားထုတ်မှုကို အမှာစာ၌ ဤသို့တွေ့ရသည်။ **သာသနာနှင့်သဒ္ဒါ** ဗုဒ္ဓမြတ်စွာသာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု သုံးမျိုးရှိရာ ပရိယတ္တိသာသနာသည် အခြေခံရေသောက်မြစ်ဖြစ်၏။ ပရိယတ္တိသာသနာ ရှင်သန်ဖွံ့ဖြိုးရေးတွင် ပုဒ်ပါဠိအက္ခရာများမှန်ကန်စွာရှိနေဖို့လိုအပ်၏။ ပုဒ်ပါဠိအက္ခရာများ မှားယွင်းနေလျှင် အနက်အဓိပ္ပာယ်မှားယွင်း၍ အကျင့်လည်းမှားသွားနိုင်သည်။ ထို့ကြောင့် မှားယွင်းသော ပုဒ်ပါဠိအက္ခရာများသည် သာသနာတော်ကိုကွယ်စေသည့်အထိ ဆိုးကျိုးကိုဖြစ်စေတတ်ကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့၏။ ထိုအက္ခရာ ပုဒ်ပါဠိများမှန်ကန်စွာတည်ရှိရေးတွင် သဒ္ဒါကျမ်းများသည် လွန်စွာအရေးပါသောအခန်းကဏ္ဍ၌ ရပ်တည်နေပေသည် စသည်ဖြင့်တွေ့ရသည်။

ယခုစာအုပ်တွင် ပဒ,ဝါကျ,ဂန္ထခေါ်ပုံ၊ သုတ်လေးမျိုး၊ သရတစ်လုံးနှောင်းက သရအများချေနိုင်ပုံ၊ သဒ္ဒါသုတ်တို့၏ဥပဒေ၊ ဝါ-သဒ္ဒါဟောနိုင်သော အနက်ကိုးမျိုး စသည့်ခေါင်းစဉ်ခွဲများဖြင့်ဖော်ပြထားသည်။ ယခုစာအုပ်တစ်ခုလုံးကိုပါဠိဝေါဟာရအသုံးအနှုန်းများ လွန်ကဲလွှမ်းမိုးထားသည်ဖြစ်ရာ သာမန်အားဖြင့် ချဉ်းကပ်မွေ့လျော်နိုင်ရန်မလွယ်ကူဘဲ ဌဲနဘဲဖြင့် အားထုတ်ပါမှ ဤကျမ်း၏ဆိုလိုရင်းကိုသိနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး ဓမ္မဒါနအဖြစ် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံးကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေမှန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ပွင့်ဖြူမြို့နယ်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၄၂၈ ဧကအတွက် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖြန့်ဝေမည်




**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လာမည့်နွေသီးနှံ စိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၄၂၈ ဧကအတွက် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၅၄၈ ဧကနှင့် အခြားသီးနှံဧက ၃၀၈၈၀ စုစုပေါင်း ၆၀၄၂၈ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ ၂၀၂၃ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ စပါးနှင့်အခြားသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်တွင် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့နှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေကို သီးနှံအချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် ဖေဖော်ဝါရီ ၁၅ ရက်ကစပြီးတော့ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ စတင်ဖြန့်ဝေ ပေးသွားမှာဖြစ်တယ်။ ဆည်ရေပေးဝေမှုစနစ်ကတော့ တောင်မုန်းမြောင်းနဲ့ မြောက်မုန်းမြောင်းမကြီးတို့ကနေ တစ်ဆင့် လယ်ယာမြေ စိုက်ခင်းတွေအရောက် စနစ်တကျဖြန့်ဝေပေးသွားမှာဖြစ်တယ်။ နွေသီးနှံအတွက် ဆည်ရေပေးဝေမှုအခြေအနေနဲ့ပတ်သက်ပြီးတော့လဲ ဒေသခံတောင်သူတွေ လယ်ယာလုပ်ငန်းခွင် ကြိုတင်ပြင်ဆင်နိုင်အောင် အသိပေးထားပြီးဖြစ်တယ်။ နွေသီးနှံ လျာထားစိုက်ပျိုးမှုအနေနဲ့ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ နွေစပါး ၂၉၅၄၈ ဧကနဲ့ မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ အခြားသီးနှံဧက ၃၀၈၈၀ စုစုပေါင်း ၆၀၄၂၈ ဧက လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွဋ်အောင်က ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မဲဇလီရေလွှဲဆည်ရေကိုအမှီပြု၍ နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မတ်ပဲ၊ ပဲစင်းငုံ၊ ဖွဲစားပြောင်း၊ နှံစားပြောင်းတို့ကို စိုက်ပျိုးကြကြောင်း၊ စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ဟင်းသီးဟင်းရွက်သီးနှံတို့ကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# တောင်ငူမြို့နယ် သျှားယားကုန်းကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆင်ဆိပ်ကျေးရွာအုပ်စု သျှားယားကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ သျှားယားကုန်းကျေးရွာ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါလမ်းမပျက်မစီးအောင်၊ ရေရှည်ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

တောင်ငူမြို့နယ် သျှားယားကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများမှ လုပ်အားထည့်ဝင်မှုတို့ ပေါင်းစပ်ကာ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလစတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက ပြောပြ၍ သိရသည်။

**ဖြူလေး**

**စာပေမြင့်မှ လူမျိုးတင့်မည်**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသင်းအဖွဲ့များနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူစီးနင်းအသုံးပြုလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး** စာမျက်နှာ - ၂၂

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်ချောင်းအလယ်စကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးကို သတ်ဖြတ်ကာ ဆရာမလေးဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး သံဃာတော်တစ်ပါးကို သတ်ဖြတ်** စာမျက်နှာ - ၂၂

MYAWADDY TRADING LIMITED








ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257